**၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၊ နံနက် (၀၉း၀၀) မှ ညနေ (၀၅း၀၀) နာရီအထိ နေပြည်တော်ရှိ Kempinski Hotel ၊ ဧရာဝတီ ခန်းမတွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကြီး၏ အ၄မ အကြိမ်မြောက်အစည်းအဝေးမှတ်တမ်း**

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံ EITI ဒုတိယအကြိမ်အစီရင်ခံစာထွက်ရှိနိုင်ရေးအတွက် လုပ်ငန်းစဉ်တစ်ခုဖြစ်သော သက်ဆိုင်ရာအစိုးရဌာနများ နှင့် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာအရ ကိန်းဂဏာန်း ပိုင်းဖြတ်ရာတွင် (Materiality Threshold) တွင် ပါဝင်လာသည့် ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီများ၊ အခြားသောသတ္တုကဏ္ဍမှ ကုမ္ပဏီများ နှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ ကုမ္ပဏီတို့၏ စာရင်းဖြည့်သွင်းမှု အခြေအနေများနှင့် လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူထံသို့ templates များပို့ပေးမှုအခြေအနေများ ကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များသို့တင်ပြရန် နှင့် လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သတ္တမအကြိမ်မြောက် ကျင်းပပြုလုပ်ခဲ့သော MEITI-MSGs အစည်းအဝေးတွင် ဆုံးဖြတ်ထားခဲ့သော ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ညှိနှိုင်းပေးရန် နှင့် ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြရန်၊ သစ်တောကဏ္ဍစာရင်းတိုက်ဆိုင်စစ်ဆေးသူမှ ပေးပို့လာမည့် သစ်တောကဏ္ဍဆိုင်ရာ ကနဦးလေ့လာသုံးသပ်ခြင်းအစီရင်ခံစာဆိုင်ရာ အခြေအနေများကို တင်ပြရန် နှင့် ယင်းအစီရင်ခံစာကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (သို့) နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် အတည်ပြုပေးနိုင်ရေးကိစ္စအား ဆွေးနွေးရန်၊ Technical and Reporting Sub-committee နှင့် Selection committee အစည်းအဝေးတို့မှ ဆွေးနွေးဆုံးဖြတ်ချက်များအား အတည်ပြုပေးရန်၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် MSG အစည်းအဝေး၊ sub-committee အစည်းအဝေးများ အတွက် အချိန်ဇယား ရေးဆွဲရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် ၈ ကြိမ်မြောက် MEITI-MSG အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည် ။

**အစည်းအဝေးတက်ရောက်သူများ**

၈ ကြိမ်မြောက် MEITI-MSG အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ် (၈) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၇) ဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် (၇) ဦး၊ ကမ္ဘာ့ဘဏ်မှ

ကိုယ်စားလှယ် (၃) ဦး၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၆) ဦး၊ NCS ရုံးမှ တာဝန်ရှိသူ (၉) ဦး MOBD ကိုယ်စားလှယ် (၆) ဦး နှင့် အခြားသောလေ့လာသူများ (၆) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၅၂) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများ စာရင်းအသေးစိတ် ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

**၁။ အဖွင့်အမှာစကားပြောကြားခြင်း (ဦးဝင်းထိန်၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ)**

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းထိန်မှ အောက်ပါ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ "အားလုံးပဲမင်္ဂလာပါ။ MSG member များ၊ NCS မှ တာဝန်ရှိသူများနဲ့ တက်ရောက်သူအားလုံးတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ၂ ရက်နေ့ ၁၀ လ၊ ၂၀၁၇ ခုနှစ်မှာ MSG (၇) ကြိမ်မြောက်အစည်းအဝေးကျင်းပခဲ့ပြီး Material Threshold အရ Amount တွေ သတ်မှတ်ပြီး နောက်တစ်ရက်မှာပဲ Reporting EntitiesTemplate သင်တန်းကို ပြုလုပ်ကျင်းပခဲ့ပါတယ်။ IA Moore Sephens သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံကို လာရောက်ပြီး လက်တွေ့ကွင်းဆင်း စာရင်းစစ်တာတွေပြုလုပ်မှာဖြစ်တဲ့အတွက် ဒီ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်ပါတယ်။ International EITI ဆီကိုလည်း ၂၀၁၆ ခုနှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ Annual Progress Report (နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ) ကို တင်ပြီးဖြစ်ပါတယ်။

အခု Mining Cadaster Consultant လည်း ဒီအစည်းအဝေးမှာ ရောက်ရှိနေပြီးတော့ ဒီနေ့ခင်းကျရင် သတ္တုဦးစီးဌာနနဲ့ တွေ့ဆုံပြီး နောက်ရက်တွေမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ လက်မှတ်ထိုးဖို့ရှိပြီး မြန်မာနိုင်ငံမှာ နိုဝင်ဘာ ၆ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ Mining Cadaster နဲ့ ပတ်သက်ပြီး လေ့လာသွားမှာဖြစ်ပါတယ်။ BO Consultant နဲ့ ပတ်သက်ပြီး ၂၀၁၇ ခုနှစ် ၁၀ လ ၁၃ ရက်နေ့က Adam Smith International ကို ယာယီရွေးချယ်ခဲ့ပြီးတော့ Technical and Financial Proposal ကို ၉ ရက် (၁၁) လ ၂၀၁၇ ခုနှစ်အမီပေးဖို့ကိုလည်း တောင်းထားပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာ Workshop တွေ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း မွန်ဂိုလီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှာ သွားရောက်လေ့လာခဲ့ပြီးဖြစ်ပါတယ်။ ဖေဖော်ဝါရီလမှာ အစီရင်ခံစာထွက်ရတော့မှာဆိုတော့ နီးကပ်နေပြီဖြစ်ပါတယ်။ ကုမ္ပဏီနဲ့ပတ်သက်ပြီး တစ်ချို့ဖျက်သိမ်းတာတွေရှိပေမဲ့ Coverage ရာခိုင်နှုန်းကို

အရမ်းကြီး ပြောင်းလဲမှာမဟုတ်ပါဘူး၊ ကျောက်စိမ်းကျောက်မျက်က ၇၂ ရာခိုင်နှုန်း သတ်မှတ်ထားတယ်၊ ဒီ့ထက် အနည်းငယ်ပဲလျော့မယ်၊ other minerals ဆို အနည်းငယ်လျော့နိုင်တယ်။

ဖိလစ်ပိုင် နဲ့ မွန်ဂိုလီးယားမှာ BO နဲ့ ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍကနေ သူတို့ရင်ဆိုင်ရတဲ့ အခက်အခဲတွေကို ဆွေးနွေးကြတယ်။ ၂၀၁၆ EITI Standard အရ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ Validation လုပ်ဖို့လိုတယ်ဆိုတာ ပါပါတယ်။ ဒီ့အတွက် Validatator တစ်ယောက်ကို ကျွန်တော်တို့ငှားဖို့လိုပါတယ်။ ပြီးတော့ NCS Office အနေနဲ့ ဘယ်အချိန်မှာ လုပ်သင့်မလဲဆိုတာကို သုံးသပ်စဉ်းစားပြီး လုပ်ရမှာဖြစ်ပါတယ်။ ဖိလစ်ပိုင်မှာသွားရောက်လေ့လာတဲ့ အတွေ့အကြုံအရ Papua New Guinea (PNG) က Workplan နဲ့ ပတ်သက်ဖို့ တော်တော်လေးအားကောင်းတာကို တွေ့ရပါတယ်။ ဒီလိုအတွေ့အကြုံတွေကိုယူပြီး အားလုံးဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ဖို့ လိုပါတယ်။”

**(၇) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်းအဝေးမှဆုံးဖြတ်ချက်များအား ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြခြင်း (ဒေါ်သင်းရတနာဆု)**

ဒေါ်သင်းရတနာဆု (Communication Manager, NCS) မှ ၇ ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပါင်း အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ချက်များ၏ ဆောင်ရွက်နေမှုအခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ အောက်ပါအချက်များမှာ လုပ်ဆောင်လျက်ရှိသည့် အခြေအနေများဖြစ်ပါသည်။

က) ရေနံ၊သဘာဝဓာတ်ငွေ့ဆိုင်ရာ ပိုက်လိုင်းဖြတ်သန်းခြင်းနှင့် ပတ်သက်သမျှ ပေးချေမှုများ၊ ပေးဆောင်မှုများကို စစ်ရင်းတိုက်ဆိုင် စစ်ဆေးမည်။ ကုမ္ပဏီများအားလုံးနှင့် ပေးချေရသော ငွေကြေးများအားလုံးကို ကိန်းဂဏန်း ပိုင်းဖြတ်မှု (materiality threshold) မပြုလုပ်ဘဲ စစ်ရင်းတိုက်ဆိုင်စစ်ဆေးခြင်း သတ္တုကုမ္ပဏီတစ်ခုစီမှ ကြွေးကျန်များအားလုံး၊ ပစ္စည်းပေးချေမှုများအားလုံးကို ထည့် သွင်းဖော်ပြမည်။

ခ) သတ္တုကုမ္ပဏီတစ်ခုစီမှ ကြွေးကျန်အားလုံး၊ ပစ
ပစ္စည်းပေးချေမှုအားလုံးကို ဖော်ပြမည်၊ ကြွေးကျန်ပေးရန်ရှိသည့် သတ
သတ္တုကုမ္ပဏီစာရင်းကို အ
အစီရင်ခံစာတွင် နောက်ဆက်တွဲဖြင့် ဖော်ပြမည်။ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည်။

ဂ) နိုင်ငံတစ်ကာ စာရင်းစစ်စံနှုန်းများအတိုင်း နှစ်စဉ်စာရင်းစစ်ထားသော အစီရင်ခံစာ အတွင်းပါရှိသော အချက်အလက်များအားဖြည့်သွင်းထားသည့် ငွေကြေးအစီရင်ခံစာ ပုံစံများအား

စာရင်းစစ်ချုပ်ရုံးမှ သိရှိစစ်ဆေးပြီးကြောင်းနှင့် မှန်ကန်ပါကြောင်း အသိအမှတ်ပြုထားသည့် လက်မှတ်ရေးထိုးပေးပို့ရမည်ဖြစ်ပါသည်။

ဃ) အစီရင်ခံစာတွင်ပါဝင်သော ကုမ္ပဏီများအားလုံးသို့

၁။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူကြေငြာချက်အပါအဝင် ပေးပို့ထားသော ဖြည့်စွက်ရ မည့် ပုံစံတွင် အချက်အလက်ဖြည့်သွင်းပြီးနောက်တွင် ရာထူးအကြီးဆုံး ဘဏ္ဍာရေး တာဝန်ခံ (သို့) အမြင့်ဆုံးရာထူးရှိသည့် ဒါရိုက်တာ/အုပ်ချုပ်သူမှ မှန်ကန်ပါကြောင်း လက်မှတ်ရေးထိုးပေးရမည်။
၂။ ထို့နောက်ဖြည့်စွက်ထားသော ပုံစံတွင် သက်ဆိုင်ရာ ကုမ္ပဏီများမှ အမှတ်တံဆိပ်အား ရိုက်နှိပ်ပေးရမည်။
၃။ အစီရင်ခံစာပုံစံတွင် ဖြည့်သွင်းသူသည် ပေးချေမှုအသေးစိတ်ကို ရက်စွဲအလိုက် နှင့် ပေးချေမှုတစ်ခုချင်း စီအလိုက် ဖြည့်သွင်းပေးရမည်ဖြစ်သည်။

င) စာရင်းစစ်များ၏ လုပ်ထုံးလုပ်နည်းအရ နှစ်စဉ် စာရင်းစစ်ခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီများသာ

၄။ နှစ်စဉ်စစ်ဆေးထားသော စာရင်းစစ်အစီရင်ခံစာများကို ဖော်ပြပေးရန်၊
၅။ နိုင်ငံတကာ စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးအတည်ပြုထားသော စာရင်းစစ် အစီရင်ခံစာများဖြစ်ကြောင်းနှင့် မှန်ကန်တိကျသော ငွေပေးချေမှုများအပေါ်တွင် အခြေခံပြီး ဖြည့်သွင်းထားသော EITI ပုံစံများဖြစ်ကြောင်းကို ကုမ္ပဏီတစ်ခုချင်းစီ၏ ပြင်ပမှ ငှားရမ်းထားသော စာရင်းစစ်များမှ စစ်ဆေးအတည်ပြုပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။

စ) ပြည်တွင်းအခွန်နှင့် အကောက်ခွန်ဦးစီးဌာနသည် အချက်အလက်ပြည့်စုံစွာ တင်ပြနိုင်ရေးအတွက် အောက်ပါ အချက်များကို ညှိနှိုင်းစဉ်းစားရန်။

• သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သယံဇာတထုတ်ယူသော ကုမ္ပဏီများစာရင်းကို ရယူရန်။
• ပေးချေမှုများအားလုံးရရှိမှုအသေးစိတ်ကို ပြည့်စုံစွာဖြည့်စွက်ပေးရန်။

ဆ) ပြည်တွင်းအခွန်ဦးစီးဌာနမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကောက်ခံရယူထားသော ကုမ္ပဏီများ စာရင်းပေါ်တွင် အခြေခံပြီး အခွန်များကောက်ခံမှုကို ထည့်သွင်းဖြည့် စွက်ရန်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မိမိတို့ဌာနများ သို့ အသေးစားလုပ်ငန်းလုပ်ကိုင်သူများထံမှ ကောက်ခံရရှိသော အခွန်အခအသေးစိတ် အချက်အလက်များ စာရင်းအား ထည့်သွင်းဖော်ပြပေးရမည်။

(ဇ) နိုင်ငံပိုင်လုပ်ငန်းများ၏ အခြားငွေစာရင်းတွင်ထားရှိသော စုစုပေါင်းလက်ရှိထိ ငွေစာရင်းများအချုပ်ကို အစီရင်ခံစာ နောက်ဆက်တွဲတွင် ထည့်သွင်းဖော်ပြရန်။ (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)

**ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ မှကုမ္ပဏီများ၊ အခြားသောသတ္တုများ နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ နှင့် အစိုးရဌာနများမှ reporting templates များကို Moore Stephens အဖွဲ့သို့ ပေးပို့နေမှုအခြေအနေ နှင့် Field visit သွားရန်အတွက် ရွေးချယ်ထားသည့် ကုမ္ပဏီများ၏ အခြေအနေကို ရှင်းလင်းတင်ပြခြင်း (ဒေါ်အေးချမ်းဝေ)**

ဒေါ်အေးချမ်းဝေ (Communication Assistant, NCS) မှ ကျောက်မျက်၊ ကျောက်စိမ်းကုမ္ပဏီများနှင့် သတ္တုကုမ္ပဏီများကို နောက်ဆုံးပေးပို့ရမည့် Soft Copy Reporting Template များအား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်နေ့အထိ သတ်မှတ်ခဲ့ပြီး IA Moore Stephens ၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ စာရင်းအရ ကျောက်စိမ်း၊ ကျောက်မျက် ကုမ္ပဏီ ၁၄ ခု နှင့် သတ္တုတွင်း ကုမ္ပဏီ ၁၂ ခု တို့ပေးပို့ရန် ကျန်ရှိနေပါသည်။ Oil and Gas ကုမ္ပဏီများ၏ Soft Copy Template နောက်ဆုံးရက်ကို အောက်တိုဘာ ၃၁ ရက်နေ့အထိ သတ်မှတ်ထားကာ ပေးပို့ရန် ကျန်ရှိနေသေးသည့် ကုမ္ပဏီမှာ ၂၃ ခု ရှိပါသည်။

IA Moore Stephens Field Visit နှင့် စပ်လျဉ်း၍ ဦးဖော်ဘိုခန့်မှ MSG က မြန်မာနိုင်ငံကျောက်မျက်အသင်း (MGE) ကို စာထုတ်ပေးလျှင် ပိုမိုသင့်တော်မည်ဖြစ်ကြောင်း၊ MGE မှ သွားရောက်ရန် သင့်တော်မည့် ကုမ္ပဏီများကို အကြံပြုပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။ ယခုလက်ရှိရွေးချယ်ထားသော IA Field Visit အတွက် ကုမ္ပဏီများသည် Criteria သတ်မှတ်ချက်အပေါ် မူတည်ပြီး ရွေးချယ်ထားခြင်းဖြစ်ကာ Discrepency ပေါ်မူတည်ထားခြင်းမရှိကြောင်း၊ ထို့ကြောင့် IA ၏ ၁၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ ၎င်းတို့၏ တရားဝင်ခရီးစဉ်တွင် က) Field Visit၊ ခ) Discrepency Field Visit နှင့် Follow up Meeting တို့ကို ပြုလုပ်မည်ဖြစ်ကြောင်း ဒေါ်တာရာမောင်က MSG အဖွဲ့ဝင်များကို အသိပေးပြောကြားပါသည်။

**Mining Cadaser အကြံပေးပုဂ္ဂိုလ် Mr. Enrique Ortega မှ မိတ်ဆက်စကားပြောကြားခြင်း**

Mr. Enrique Ortega သည် စပိန်လူမျိုးဖြစ်ပြီး ဘူမိပညာရှင်တစ်ဦးဖြစ်ပါသည်။ ပြီးခဲ့သော နှစ်ပေါင်းနှစ်ဆယ်အတွင်း World Bank နှင့် ပူးပေါင်းပြီး သတ္တုကဏ္ဍဆိုင်ရာ Reforming Sector နဲ့ ပတ်သက်ပြီး အာရှ၊ အာဖရိက နှင့် တောင်အမေရိကတို့တွင် လုပ်ကိုင်ဆောင်ရွက်ပါသည်။

ယခုနောက်ပိုင်း EITI မှာ Mining Cadaster ကို ထည့်သွင်းလာပြီး အကြောင်းမှာ သတ္တုတူးဖော်သည့် ပထမဆုံးအဆင့်ဖြစ်သည့် လိုင်စင်ချပေးလိုင်စင်ချပေးခြင်းသည် ပွင့်လင်းမြင်သာမှုကို ပြသနိုင်တဲ့အတွက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Mr. Enrique လုပ်ဆောင်မည့် ရည်ရွယ်ချက် (၅) ချက်ရှိပါသည်။

က) Coordinate စနစ်ဖြင့် မြေပုံပေါ်တွင် မည်သည့် သတ္တုရှိကြောင်းဖော်ပြခြင်း၊

ခ) မည်သည့်ဌာနက လိုင်စင်ထုတ်ပေးခြင်း နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ကို လေ့လာခြင်း၊

ဂ) နိုင်ငံရှိ ဥပဒေမူဘောင်စည်းမျဉ်းစည်းကမ်းများကို လေ့လာကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု ရှိမရှိကိုလေ့လာသုံးသပ်ခြင်း၊

ဃ) ဥပဒေမူဘောင်ရှိ လုပ်ထုံးလုပ်နည်းများကို အကဲဖြတ်သုံးသပ်ခြင်း နှင့်

င) Mining နှင့် ပတ်သက်သည့် ဒေတာများကို မည်ကဲ့သို့ သိမ်းဆည်းထားသည်ကို လေ့လာခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

**ဆက်လက်ဆွေးနွေးကြခြင်း**

ကျောက်စိမ်းကျောက်မျက် နှင့် သတ္တုကဏ္ဍမှ reporting templates ပေးပို့ရန် ကျန်ရှိနေသည့် ကုမ္ပဏီများအတွက် ဌာနဆိုင်ရာအလိုက် ဝိုင်းဝန်းကူညီပေးကြရန်၊ ဖုန်းဆက်ခြင်း နှင့် စာထွက်ရှိခြင်း များဆောင်ရွက်ပေးရန်။

Gems and Jade နှင့် Other Minerals တွင် ကျန်ရှိနေသေးသည့် ကုမ္ပဏီများအတွက် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နောက်ဆုံးထား၍ soft copy နှင့် hard copy ပါထွက်ရှိပေးရန်။

နိုဝင်ဘာလ ၁၀ ရက်နေ့တိုင်အောင် ပေးပို့မှုမရှိသည့်ကုမ္ပဏီများအတွက် ဘယ်လိုဆောင်ရွက်မလဲ။ ဌာနမှ စာထုတ်ပေးမလား ဆွေးနွေးဆုံးဖြတ်ရန်။

Oil & gas companies များတွင် MOGE ထံမှ ဒေတာများရယူပြီး ပါလာသည့်အတွက် ယင်းကုမ္ပဏီများအတွက် MOGE တွင် အခွန်ရရှိခြင်းမရှိပါက IA ထံသို့စာထွက်ရှိပေးရန်။

Study period နှင့် exploration period တွင် signature bonus ရှိသည့်ကုမ္ပဏီများမှ ဒေတာထွက်ရှိပေးပြီး အခြားကုမ္ပဏီများအတွက် ၇ နိုဝင်ဘာလ ၂၀၁၇ ခုနှစ်တွင် MOGE မှ IA နှင့် NCS သို့စာထွက်ရှိပေးမယ်။

Reporting templates မပေးပို့သေးသည့်ကုမ္ပဏီများအတွက် နည်းလမ်း (၃) ခုရှိကြောင်း၊

- ဌာနဆိုင်ရာဘက်မှ စာထွက်ရှိပေးခြင်း
- High level segment meeting ကျင်းပခြင်း
- Task force ဖွဲ့ဆောင်ရွက်ခြင်း (အစိုးရ၊ ကုမ္ပဏီ နှင့် အရပ်ဘက်ပါဝင်)

အချို့သောကုမ္ပဏီများမှ reporting templates training တက်ရောက်သည့်သူများသည် decision makers များမဟုတ်သည့်တွက် ၎င်းကုမ္ပဏီများမှ အရေးပါသည့်သူများကို သတင်းအချက်အလက်ရရှိအောင်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ (ဥပမာ - Myanma Economic Holding)

MOGE တွင် audit ရှိပြီး ကြွေးကျန်မရှိကြောင်း၊ ရေနံ နှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများအနေဖြင့် စာချုပ်ချုပ်ဆိုပြီး Signature Bonus ကို ချက်ချင်းပေးရခြင်းမဟုတ် စာချုပ်ချုပ်ဆိုပြီး study period ရှိ (၂ နှစ် ၃ နှစ် with extension)၊ exploration period ၃ လအတွင်းသာပေးရသည့်အတွက် အချို့ကုမ္ပဏီများအနေဖြင့် စာချုပ်ချုပ်ဆိုပြီးသော်လည်း signature bonus မပေးရကြောင်း ရှင်းလင်းခဲ့ပါသည်။

IA အနေဖြင့် signature bonus နှင့်စပ်လျဥ်း၍ တွေ့ရှိချက်များကို အစီရင်ခံစာတွင် မှတ်ချက်ရေးပေးရန်လိုအပ်တယ်။

ကုမ္ပဏီများအတွက် ပြင်စာစာရင်းစစ်ချက်ထည့်ဖို့ပါလာတယ်။ ယခုရက်ပိုင်းအတွင်း ရဖို့ခဲယဥ်းတယ်။ external audit စစ်ဆေးထားသည့် အစီရင်ခံစာကို Attach တွဲပေးခြင်းကိုလက်ခံရန်။ ယင်းကို အကြီးအကဲမှ လက်မှတ်ထိုးပေးခြင်းအပြင် အစီရင်ခံစာကို attach တွဲပေးရန်။

ပြည်တွင်းအခွန်ဦးစီးဌာနမှ ၂၀၁၄-၁၅ ခုနှစ်အတွက် ဒေတာများဖြည့်ဆည်းရန် ကုမ္ပဏီများထံမှ ဒေတာများပြန်လည်တောင်းခံခြင်းကို ကြုံတွေ့ရကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ လည်း ယင်းသို့မပြုလုပ်ရန်။

ဦးနေလင်းစိုး (ပြည်တွင်းအခွန်ဦးစီးဌာန) မှ ချလန်နံပါတ်တွေဖြည့်ရသည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများထံမှ ချလန်နံပတ်တောင်းယူရန်ပြောခြင်းဖြစ်ပြီး နားလည်မှုလွဲသွားခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများအတွက် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် reporting templates များကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ပေးပို့ခိုင်းရန်။ နိုင်ဝင်ဘာလ ၁၀ ရက်နေ့တွင် မရရှိပါက ဆက်လက်တင်ပြရန်။

အခြားသတ္တုကဏ္ဍနှင့်စပ်လျဥ်း၍ နိုဝင်ဘာ ၁၀ ရက်နေ့တွင် နောက်ဆုံးထားပေးပို့ရန်။ မရရှိပါက ဆက်လက်တင်ပြရန်။

ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများအနေဖြင့်လည်း နိုဝင်ဘာလ ၇ ရက်နေ့ ညနေနောက်ဆုံးထားဆက်သွယ်ပြီး နိုင်ဝင်ဘာလ ၁၀ ရက်နေ့တွင် မရရှိပါက MSG မှ သက်ဆိုင်ရာဌာနများသို့ စာထွက်ရှိပေးရန်။

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ press statement ထုတ်ပြန်၍ အများပြည်သူသိရှိအောင်ဆောင်ရွက်ရန်။

Communication team အနေဖြင့် reporting template training မတက်ဖူးသည့် ကုမ္ပဏီများသို့ သွားရောက်ရန်။

MOGE အနေဖြင့် ကုမ္ပဏီများ၏ အခြေအနေကို စာထွက်ရှိပေးရန်။

MSG meeting minutes ကို IA အဖွဲ့သို့ပေးပို့အကြောင်းကြားရန်။

MOGE အနေဖြင့် နိုဝင်ဘာလ ၈ ရက်နေ့တွင် NCS နှင့် IA ဆီသို့ signature bonus နှင့်စပ်လျဥ်းသည့် အခြေအနေများအား စာထွက်ရှိပေးမည်ဖြစ်ပြီး နိုင်ဝင်ဘာလ ၁၀ ရက်နေ့တွင် မပေးပို့သည့် ကုမ္ပဏီများကို အရေးယူရန်။

နိုဝင်ဘာလ ၁၀ ရက်နေ့ထိတိုင်အောင် templates ပေးပို့မှုမရှိသည့် ကုမ္ပဏီများအတွက် MSG မှစာထွက်ရှိပေးရန်။

ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံခြားလိပ်စာပဲရှိနေသည့်အတွက် ကုမ္ပဏီများ၏ အခွန်ဒေတာမထည့်နိုင်သည့် အခက်အခဲရှိခြင်း။ ပြည်တွင်းအခွန်ဦးစီးဌာန နှင့် MOGE တို့မှ လိပ်စာများကို တိုက်ဆိုင်စစ်ဆေးပြီး သတင်းအချက်အလက်များ ပြန်လည်ရှာဖွေရန်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မရရှိပါက NCS ရုံးသို့အကြောင်းကြားပြီး သတင်းစာတွင် ထည့်သွင်းကြေငြာရန်။

OGPD အနေဖြင့် volume ပေးလို့မရဘူး။ ၁၀ percent သာပေးနိုင်ကြောင်း။ volume နေရာတွင် value ဖော်ပြပြီး comment တွင်ဖော်ပြရန်။

OGPD မှ reporting template soft copy ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ပေးပို့ပေးရန်။ ။ သစ်တောဦးစီးဌာနမှလည်း land rental fee ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ပေးပို့ပေးရန်။ Central committee အတွက် MGE မှ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပေးပို့ရန်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကျန်သည့်ဌာနများမပါဘဲ MOPF အောက်ရှိ ဌာန (၄) ခုအတွက် certify လုပ်ပေးရန် အချိန်တစ်လ တောင်းဆိုထားပြီး ဒီဇင်ဘာလကုန်အထိ IA မှ ထပ်တိုးပေးခြင်း။

ကုမ္ပဏီတစ်ခုချင်းစီ၏ ဒေတာများကို ကြည့်ရှုချင်လျှင် ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်အလိုက် အခွန်မှူးများကိုခေါ်ရမည်ဖြစ်သောကြောင့် ခက်ခဲကြောင်း၊ OAG အနေဖြင့် အသေးစိတ်ရမှ အဆင်ပြေမှာလား။ EITI templates ကိုဖြည့်မယ့် DYDD နှင့် ဆက်သွယ်ရန်။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် OAG ဌာနဘက်မှ သက်ဆိုင်ရာဝန်ထမ်းများ နှင့် MOPF အောက်ရှိ သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးရန်။

IA ကွင်းဆင်းဆောင်ရွက်မှုအတွက် request letter တင်ရန်။ နိုင်ငံခြားသားသွားဖို့မဖြစ်နိုင်ကြောင်း၊

ပြည်နယ်အစိုးရထံသို့ခွင့်ပြုချက်ရယူရန်၊ လုံးချင်းဖားကန့်ဝင်ဖို့ ယခုအချိန်ထိမဖြစ်နိုင်သေးကြောင်း နှင့် Top 5 ကုမ္ပဏီထက် active ကုမ္ပဏီများကိုသာရွေးချယ်ရန်။ jointly ဆောင်ရွက်နေသည့် ကုမ္ပဏီများအတွက် စစ်ဆေးနေတယ်။ ၂ ရက် ၃ ရက်အတွင်းအကြောင်းပြန်ရန်။

ယင်းနောက် field visit အတွက် ပြည်နယ်အစိုးရထံခွင့်ပြုချက်တောင်းယူခြင်းကို ဘယ်လိုဆောင်ရွက်သင့်သလဲ။ ဘယ်လောက်ကြာနိုင်မလဲကို ဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။

ဦးဟင်းမျိုးသူမှ Field Visit အတွက်ရွေးချယ်ထားသည့်ကုမ္ပဏီများအတွက် သက်ဆိုင်ရာဌာနမှ ထွက်ရှိပေးရန် (ပိတ်သိမ်းလိုက၊ ဆောင်ရွက်နေဆဲကုမ္ပဏီများအစရှိသည့် ပါဝင်သည့်စာကို)

နိုင်ငံတော်အဆင့်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ဆုံးဖြတ်ထားသည့်ကုမ္ပဏီများကို သွားရောက်စစ်ဆေးစေချင်ကြောင်း နှင့် field visit သွားမည့်ကုမ္ပဏီများကို criteria နှင့်သာရွေးချယ်ရန်။

သွားမရပါဟု မှတ်ချက်တွင်ပါဝင်လာပါက International Secretariat မှပေးမည့်၊ ယင်း၏ consequences ကို နိုင်ငံတော်အကြီးအကဲများနားလည်အောင်ရှင်းလင်းပေးရန်။ NCS မှ lead လုပ်ပြီး ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ပါသည်။

ယခုဆုံးဖြတ်ထားသည့် ကုမ္ပဏီ (၅) ခုသို့ field visit သွားမည်ဖြစ်ပြီး NCS မှ ဦးဆောင်ဆောင်ရွက်ပေးရန်၊ ပြည်ထဲရေးသို့တင်ပြပေးရန် နှင့် IA သွားရောက်၍ မဖြစ်နိုင်ပါက ယင်းကို

Recommendation ပါလာနိုင်ခြင်းစသည့် consequences များရှိကြောင်းကို နိုင်ငံတော်အကြီးအကဲများသိရှိအောင် ဆောင်ရွက်ရန် စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

ဦးဇော်ဘိုခန့်မှ လုံးချင်းဖားကန့်ဒေသသို့ ပြည်တွင်းမှသူများသွားရောက်နိုင်သော်လည်း လုံခြုံရေးအရ နိုင်ငံခြားသားသွားရောက်ရန် ခက်ခဲမည်ဖြစ်ကြောင်း တင်ပြပါသည်။

**သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး သုံးသပ်ချက်များတောင်းခံထားသည့် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) နှင့်စပ်လျဉ်း၍ အတည်ပြုချက်ရယူခြင်း (ဒေါ်တာရာမောင်)**

ထို့နောက် ဒေါ်တာရာမောင်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးထားသည့် နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာကို ရှင်းလင်း တင်ပြရာတွင် ပထမဦးစွာ နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာရရှိပြီး ဌာနဆိုင်ရာများထံသို့ သုံးသပ်ချက်များ တောင်းခံပြီးဖြစ်ကြောင်း၊ ပေးပို့လာသော comments များအတိုင်းပြင်ဆင်ပြီး ဖြစ်သလို မပေးပို့ရသေးသောဌာနများအနေဖြင့်လည်း အတည်ပြုပေးရန် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် corporate income tax ဟု မရှိဘဲ income tax ဟုသာခေါ်ဆိုသည့်အတွက် ယင်းကိုပြန်လည်ပြင်ဆင်ရန်။

၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ်တို့ရှိ oil and gas payment flow တွင် Custom duties က MOGE မှတဆင့် Custom Department သို့ဝင်သည့်လမ်းကြောင်းပြင်ဆင် ဖော်ပြရန် နှင့် Corporate Income Tax က Companies မှ MOGE သို့ပေးပို့ပြီး MOGE မှတစ်ဆင့် IRD သို့ဝင်သည့်လမ်းကြောင်း ပြန်လည်ပြင်ဆင်ရန်။

၂၀၁၅-၁၆ ခုနှစ် oil and gas payment flow တွင် OGDP ကို OGPD ဟုပြောင်းရန်။

Other Minerals payment flow ရှိ DGSE တွင် production split မရှိကြောင်း၊ signature bonus သာရှိပြီး exploration phase အဆင့်ရှိ ကုမ္ပဏီများထံမှသာ တောင်းခံကြောင်း။

ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီ ၂၀၁၄-၁၅ ခုနှစ် နှင့် ၂၀၁၅-၁၆ ခုနှစ် payment flow နှင့် အခြားသတ္တုကဏ္ဍ တို့ရှိ state contribution 20 % ကို MOPF သို့သွားရာတွင် MoPFအစား MoPF (Treasury Department) ဟုပြင်ဆင်ရန်။

အစိုးရဝန်ကြီးဌာနများမှ လက်ခံရရှိသောအခွန်ငွေများကို ဆန်းစစ်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် land tax, mineral tax နှင့် dam tax တို့ကိုကောက်ခံပြီး ၂၀၁၄-၁၅ ခုနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန (MoHA) မှ ကောက်ခံရရှိသောအခွန်ငွေမှာ ၈.၃၇ သန်းသာရှိသည့်အတွက် ကိန်းဂဏန်းပိုင်းဖြတ်ရာတွင် (Material Threshold) တွင်မပါဝင်သည့် အတွက် MOHA မှလွဲ၍ အခြားသောအခွန်အခများကို ၂၀၁၄-၁၅ ခုနှစ် နှင့် ၂၀၁၅-၁၆ ခုနှစ်တို့အတွက် ထည့်သွင်းရန်။

ဆက်လက်၍ ဒေါ်တာရာမောင်မှ ရေနံနှင့် သဘာဝဓါတ်ငွေ့ငွေပေးချေမှုဆန်းစစ်ချက်တွင် shwe project, shareholder loan နှင့် Andaman Interest တို့အတွက် လုံးပေါင်းပဲဖော်ပြလျက်ရှိပြီး အသေးစိတ်ဖော်ပြချက်များ မရရှိသေးသည့်အတွက် နှင့် Other income နှင့်စပ်လျဉ်း၍လည်း မဖော်ပြရသေးသည့်အတွက် အစီရင်ခံစာထဲတွင် ပါဝင်လျက်ရှိကြောင်း၊ ယင်းတို့ အတွက် ဖော်ပြပေးနိုင်မလားဟု မေးမြန်းခဲ့ပါသည်။

ဆရာဦးသန်းဌေးအောင် (ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ EITI expert) မှ Shwe project, shareholder loan နှင့်စပ်လျဉ်း၍ ၎င်းတို့အနေဖြင့် ချေးငွေဖြင့်လုပ်ငန်းလည်ပတ်သည့်အတွက် ရရှိရမည့် သက်ဆိုင်ရာငွေကြေးများမှာ မရရှိဘဲ အချိုးကျ ယင်းအကြွေးများ ကိုပြန်ဆပ်နေရသည့်အတွက်မ ရရှိကြောင်း၊ နိုင်ငံခြားဘဏ်သို့ အသေးစိတ်တောင်းထား သော်လည် ၎င်းတို့မှပေး၍ မရကြောင်းပြောကြားထားသည့်အတွက် ယင်းကိစ္စနှင့်စပ်လျဉ်း၍စာထွက်ရှိပေး မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Other account သည် မြေငှားရမ်းခ နှင့် ဂိုထောင်ငှားရမ်းခတို့ဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၅-၁၆ ခုနှစ်အတွက် signature bonus ပေးရမည့် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီ ၈ ခုရှိကြောင်း နှင့် ယင်းကုမ္ပဏီများအနေဖြင့် ဒေတာများကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မပေးရှိပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ကြောင်း။

ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန် (MOGE) မှ ကျန်ရှိနေသေးသည့် ကုမ္ပဏီများ ၂၃ ခု အတွက် သက်ဆိုင်ရာဒေတာများ ကို နိုဝင်ဘာလ ၈ ရက်၂၀၁၇ ခုနှစ်တွင် ထွက်ရှိပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေတာမရရှိနိုင်သည့် ကုမ္ပဏီများအတွက် လက်ရှိအခြေအနေကို (current status such as study period) MOGE မှ Moore Stephens (IA) နှင့် NCS သို့စာထွက်ရှိပေး မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Land Rental Fees သည် MoNREC နှင့် Forest Department (၂) ခုစလုံးသို့ဝင်ခြင်း ၊ သစ်တောဧရိယာအတွင်းကျရောက်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် Implementation fees ၅ ရာခိုင်နှုန်း သစ်တောဦးစီးဌာနသို့ပေးရကြောင်း။

သစ်တောမြေ၊ သတ္တုမြေတို့မှလွဲ၍ လူနေထိုင်သောမြေ နှင့် လယ်ယာမြေ တို့အတွက် မြေငှားရမ်းခကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကောက်ယူကြောင်း။

၄.၂.၅ ရှိ Mining sector payment analysis တွင် ဘဏ္ဍာရေးနှစ် ၂၀၁၅-၁၆ ခုနှစ်ရှိ proposed scope တွင် signature bonus နှင့် application fees မှာ အတူတူပဲဖြစ်သောကြောင့် signature bonus ကိုဖြုတ်ရန် နှင့် Mineral taxes နှင့်မသက်ဆိုင်သောကြောင့်ဖြုတ်ရန်။

Dead Rent fees သည် သစ်တောမြေအတွင်းကျရောက်လျှင် သစ်တောဦးစီးဌာန သို့ ပေးဆောင်ရပြီး သစ်တောမြေအတွင်းကျရောက်ခြင်းမရှိသော်လည်း သတ္တုဦးစီးဌာန သို့ ပေးရသည့်အတွက် MoNREC ကိုသာပေးရကြောင်း။

ယင်းနောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များမှ နယ်ပယ်လေ့လာသတ်မှတ်ခြင်း အစီရင်ခံစာကို အတည်ပြုခဲ့ပါသည်။နယ်ပယ်လေ့လာသတ်မှတ်ခြင်း နောက်ဆုံးအစီရင်ခံစာကို နောက်ဆက်တွဲတွ တွင် ဖော်ပြထားပါသည်။

**သစ်တောကဏ္ဍဆိုင်ရာ လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ မှဆောင်ရွက်နေသည့် အခြေအနေများအား တင်ပြခြင်း (ဦးထွန်းပေါ်ဦး၊ Technical Specialist)**

ယင်းနောက် ဦးထွန်းပေါ်ဦးမှ သစ်တောကဏ္ဍဆိုင်ရာ လွတ်လပ်သောစာရင်းတိုက်ဆိုင် စစ်ဆေးသူ နှင့်စပ်လျဉ်း၍ Forestry IA သည် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဌာနများနှင့် လာရောက်တွေ့ဆုံခဲ့ကြောင်း၊ သစ်တောကဏ္ဍနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများကိုသက်ဆိုင်ရာဌာနများ နှင့် အဖွဲ့အစည်းများထံ သို့ တောင်းဆိုထား ပြီး ပေးပို့ထားကြောင်း၊ လက်ရှိအချိန်တွင် လုပ်သားအရေအတွက်ကိုတောင်းဆိုထားပြီး သစ်တောဦးစီးဌာနအနေဖြင့် ကိုယ်တိုင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုမ္ပဏီများမှ ဆောင်ရွက်သည့်အတွက် ညှိနှိုင်းနေကြောင်း၊ မြန်မာ့သစ်လုပ်ငန်းနှင့် ပတ်သက်ပြီး export sale, local sale အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးမြန်းထားကြောင်း၊ သစ်တောထွက်ပစ္စည်းများ နှင့်စပ်လျဉ်း၍ အစိုးရအား အခွန်ပေးဆောင်မှုကို မေးမြန်းထားကြောင်း၊ ပြည်တွင်းအခွန်ဦးစီးဌာနနှင့် စပ်လျဉ်း၍ sub-contractor များမှ ပေးဆောင်ထားသည့် အခွန်အခများ နှင့် အကောက်ခွန်ဦးစီးဌာနသို့လည်း sub-contractor များမှ ပေးဆောင်ထားသည့် အခွန်အခများအကြောင်းကို မေးမြန်းထားကြောင်း၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းတို့မှ scoping study report မူကြမ်း ကို MSG ကိုပေးပို့မည်ဟုပြောကြောင်း၊ အစီရင်ခံစာမူကြမ်းကို သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့အနေဖြင့် မေးမြန်းစရာမရှိပါက ၎င်းတို့အနေဖြင့် လာရောက်တော့မည်မဟုတ်ဘဲ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မရှင်းလင်းမေးမြန်းစရာရှိပါက ၎င်းတို့မှ မြန်မာနိုင်ငံသို့လာရောက်၍ ရှင်းလင်းမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့များတွင် review လုပ်ရန် အချိန်ရကြောင်း၊ ယင်းနောက် ဒေတာကောက်ယူမှုများကိုဆောင်ရွက်ပြီး ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် Final report ကို ပေးပို့မည်ဖြစ်ကြောင်း၊ အချိန်လေးပတ်ကိုလည်း အပိုအနေဖြင့်ထားထားကြောင်း ရှင်းလင်းခဲ့ပါသည်။

လိုင်ဘေးရီးယား နိုင်ငံမှ Mr. Nagbalee Warmer အနေဖြင့် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ FLEGT အစည်းအဝေးသို့လာရောက်တက်ရောက်မည်ဖြစ်သောကြောင့် ယင်းကို သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့တွင်တွေ့မလား (သို့) နည်းပညာနှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် တွေ့ဆုံမလားဆွေးနွေးပေးရန် နှင့် မြန်မာနိုင်ငံမှ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့အနေဖြင့် ၎င်းကို မေးမြန်းချင်သည်များ ရှိပါက မေးမြန်းနိုင်ကြောင်း နှင့် မေးမြန်းဆွေးနွေးလိုသည့်အကြောင်းအရာကို ၎င်းထံပေးပို့ထား မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဦးဝင်းမျိုးသူမှ သစ်တောကဏ္ဍအတွက် ကုမ္ပဏီ၏ ဝင်ငွေခွန် နှင့် အမြတ်ခွန်ပေးဆောင်မှုရှိမရှိကို ထည့်သွင်းဆောင်ရွက်မလား၊ သစ်တောကဏ္ဍ sub-contracts ပေးရာတွင် procurement ကို ချမှတ်ထားသည့် စည်းကမ်းအတိုင်းလိုက်နာရဲ့လား၊ ပွင့်လင်းမြင်သာမှုရှိသလား၊ သစ်တောဦးစီးဌာန နှင့် မြန်မာ့သစ်လုပ်ငန်းတို့တွင် Other accounts ရှိလား၊ ဘယ်လိုထည့်သွင်းဆောင်ရွက်မလဲ နှင့် ပုံစံ (၈)

ဖြင့် ဖမ်းဆီးသစ်များကို ထည့်သွင်းဆောင်ရွက်မလား။ Beneficial Ownership နှင့်စပ်လျဉ်းပြီး ထည့်မလား၊ ဘယ်လိုအဓိပ္ပာယ်ဖွင့်မှာလဲ။

EITI အရ အသေးစားသစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဝင်ငွေရရှိမှု နည်းပါးမည် ဖြစ်သော်လည်း sub-national level သို့ဘယ်လိုသွားသလဲ ကိုဖော်ပြပေးရန်လိုအပ်ကြောင်း နှင့် နောက်ပိုင်းတွင် လွှတ်တော်အဆင့် အထိဆွေးနွေးရန်မျှော်မှန်းထားသည့်အတွက် minor forest products ကို scoping study တွင်ထည့်သွင်းသင့်ကြောင်း အကြံပြုပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် Other account နှင့်စပ်လျဉ်း၍ NRGI ၏ သုတေသနပြုချက်အရ MOGE သည် အများဆုံးပေးဆောင်ကြောင်း၊ ဒုတိယအနေဖြင့် MTE ဖြစ်ပြီး တတိယအနေဖြင့် MGE မှပေးဆောင်ကြောင်း ဦးဝင်းထိန်းမှ ဝင်ရောက်ဆွေးနွေးခဲ့ပါသည်။

သစ်တောကဏ္ဍ IA မှ တိုင်းနှင့်ပြည်နယ်အလိုက် လက်ကျန်သစ်များ ကိုဖော်ပြပေးရန်တောင်းဆိုထားကြောင်း နှင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ယင်းနှင့်စပ်လျဉ်း သည့် ဒေတာများပြည့်စုံစွာရှိကြောင်း မြန်မာ့သစ်လုပ်ငန်းမှ ဦးစိုးရီမှ ဝင်ရောက်ဆွေးနွေးခဲ့ပါသည်။

လိုင်ဘေးရီးယား နိုင်ငံမှ Mr. Nagbalee Warmer အား ဒီဇင်ဘာလ ၅ ရက်နေ့တွင် MEITI-NCS ရုံး၌ အစီရင်ခံစာ နှင့် နည်းပညာလုပ်ငန်းခွဲ ကော်မတီ နှင့် အစိုးရလုပ်ငန်း အဖွဲ့များဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ သဘောတူခဲ့ကြပါသည်။

**Beneficial Ownership (BO) Consultant ငှားရမ်းမှုအခြေအနေကို တင်ပြခြင်း (ဦးဆန်းဝင်း)**

ဦးဆန်းဝင်းမှ Beneficial ownership (BO) consultant ငှားရမ်းမှုအခြေအနေများကို တင်ပြရာတွင် အောက်တိုဘာလ (၁၃) ရက်နေ့တွင် selection committee ဖြင့်ရွေးချယ်ခဲ့သည့်အကြောင်း နှင့် EOI evaluation report အကြောင်းကို ပြောကြားမည်ကြောင်း၊ စိတ်ဝင်စားမှုဖိတ်ကြားလွှာကို MOPF, MOBD နှင့် International EITI website တို့တွင် စက်တင်ဘာလ (၁၀) ရက်နေ့မှ (၂၈) ရက်နေ့အထိကြေငြာခဲ့ကြောင်း၊ အဖွဲ့ (၆) ဖွဲ့၏ လျှောက်ထားမှုကို လက်ခံရရှိကြောင်း၊ ၎င်းတို့မှာ - Enviro-Crisis, Catalyst Development, Adam Smith International, MBC and EC., Leapfrog International နှင့် Moore Stephens အဖွဲ့တို့ဖြစ်ကြောင်း၊ selection committee အဖွဲ့ဝင် (၇) ယောက်ရှိပြီး ဆရာဦးကျော်သက်မှ မတက်ရောက်နိုင်ခဲ့ဘဲ ကော်မတီအဖွဲ့ ဝင်များ ဖြစ်သည့် ဦးသန်းဌေးအောင်၊ ဦးမုန်ဒန်၊ ဦးဝင်းတင်၊ ဦးခင်မောင်ဟန်၊ ဒေါက်တာစိန်ဝင်း နှင့် ဒေါ်မိုးမိုးထွန်းတို့မှ အမှတ်ပေးရွေးချယ်ခဲ့ကြောင်း၊ ရွေးချယ်ရာတွင် စံနှုန်းလေးချက်ရှိကြောင်း မြန်မာနိုင်ငံ (သို့) အရှေ့တောင်အာရှတွင် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုကဏ္ဍတို့၌ လုပ်ငန်းစီမံခန့်ခွဲမှု (သို့) ငွေကြေးစီမံခန့်ခွဲမှုတို့တွင် ဥပဒေပိုင်းအရ အနည်းဆုံး ၁၀ နှစ် အတွေ့အကြုံရှိရန်၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုကဏ္ဍ (သို့) အခြားသောသယံဇာတ ကဏ္ဍတို့တွင် အတွေ့အကြုံရှိရန်၊ ရှေ့ပြေးစီမံကိန်းအကောင်အထည်ဖော်မှုများ နှင့် နည်းပညာဖြန့်ဝေမှုတွင် အတွေ့အကြုံရှိရန် နှင့် နိုင်ငံတစ်ကာ (သို့) မြန်မာနိုင်ငံတွင် EITI လုပ်ငန်းအတွေ့အကြုံရှိရန် (တူညီသောလုပ်ငန်းတွင်အတွေ့အကြုံရှိခြင်း) တို့ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းမှ အဖွဲ့ (၆) ဖွဲ့ကို အမှတ်ပေးဆုံးဖြတ်ရာတွင် Enviro-Crisis သည် ၃၈ % ရရှိပြီး၊ Catalyst Development သည် ၃၅ % ကိုရရှိကြောင်း၊ Adam Smith International သည် ၆၉ % ရရှိကြောင်း၊ MBC and EC. အဖွဲ့သည် ၅၆ % ကိုရရှိပြီး Leapfrog Interantional သည် ၃၅% ကိုရရှိကြောင်း၊ Moore Stephens သည် ၆၈% ကို ရရှိခဲ့သည့်အတွက် Selection Committee အဖွဲ့မှ Adam Smith International ကိုရွေးချယ်ခဲ့ကြောင်း နှင့် ယင်းအဖွဲ့ (၆) ဖွဲ့၏ အားသာချက်များ၊ အားနည်းချက်များကို ရှင်းလင်းခဲ့ပါသည်။

ထို့နောက်၎င်းမှ Adam Smith International အဖွဲ့ကို နိုဝင်ဘာလ ၉ ရက်နေ့နောက်ဆုံးထား၍ Financial and Technical proposal ကိုတင်ပြရန်တောင်းဆိုထားကြောင်း၊ ယင်းနောက် Selection Committee ကိုပြန်လည်တင်ပြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်တစ်ဦးမှ Adam Smith International ကို ကနဦးရွေးချယ်ထားခြင်းသာဖြစ်ကြောင်း၊ Technical and Financial proposals ကိုလည်း ဆန်းစစ်ပြီး မိမိတို့တက်နိုင်သည့်ဘောင်အတွင်းရှိသလားကြည့် ရဦးမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဦးဆန်းဝင်းမှ Selection-subcommittee အနေဖြင့် Adam Smith International အဖွဲ့အား EITI လုပ်ငန်းစဉ်တွင် ကျယ်ပြန့်သော ဗဟုသုတ နှင့် အတွေ့အကြုံကောင်းကောင်းရှိခြင်းတို့အပြင် Beneficial Ownership မြေပုံရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အတွေ့အကြုံကောင်းကောင်းရှိခြင်း နှင့် မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ်များတူးဖော် ထုတ်လုပ်ရေးကဏ္ဍအတွက် Institutional and Regulatory Assessment (IRA) ကို၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ဖူးသည့်အတွေ့အကြုံရှိခြင်းတို့ကြောင့် ရွေးချယ်ထားခြင်းဖြစ်ပြီး ၎င်းတို့၏ နည်းပညာ နှင့် ငွေကြေးအဆိုပြုလျောက်လွှာသည် မိမိတို့နှင့် မကိုက်ညီပါက second priority ကိုစဉ်းစားရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ International Procurement policy အရ Technical ကို ၇၀ ရာခိုင်နှုန်း Financial ကို ၃၀ ရာခိုင်နှုန်း ကြည့်၍ဆုံးဖြတ်ရန်လိုအပ်ကြောင်း၊ ဆိုလိုသည်မှ ငွေရေးကြေးရေးကို အဓိကမထားဘဲ နည်းပညာကိုအဓိကထား၍ ဆုံးဖြတ်ရန် နှင့် နှစ်ဦးနှစ်ဖက်မနစ်နာစေရန်အတွက် မိမိတို့တက်နိုင်သည့်ပမာဏကိုလည်း ယင်းအဖွဲ့မှတောင်းဆိုလာလျှင် ပြောပြနိုင်ကြောင်း နှင့် အဓိက မြန်မြန်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဦးဆန်းဝင်းမှ ၎င်းအဖွဲ့၏ Technical and Financial proposal ကိုရရှိလျှင် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် Selection Subcommittee အစည်းအဝေးကိုကျင်းပရန်မျှော်မှန်းထားကြောင်း နှင့် သဘောတူညီချက်ရရှိပြီး လက်မှတ်ထိုးပြီးပါက ၎င်းအဖွဲ့အနေဖြင့်စတင်ဆောင်ရွက်နိုင်ပြီး တစ်လအတွင်း ပြီးနိုင်မည်ထင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက်၎င်းမှ ကမ္ဘာ့ဘဏ်၊ MOBD နှင့် NCS တို့ကျင်းပခဲ့သည့်အစည်းအဝေးအကြောင်းကို တင်ပြချင်ကြောင်း၊ Implementation Manual အရ နေပြည်တော်တွင် သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးကို ကျင်းပမည်ဆိုလျှင် စရိတ်စကသက်သာစေရန်အတွက် အစိုးရဌာနတစ်ခုခုတွင်ကျင်းပရမည်ဖြစ်ပြီး ၇ ကြိမ်မြောက်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ neutral place တွင်ကျင်းပချင်သည့်အတွက် ၈

ကြိမ်မြောက်အစည်းအဝေးကို ကျင်းပရန် Kempinski Hotel ကို ရွေးချယ်ခဲ့သည့် အတွက် ပြဿနာအနည်းငယ် နှင့် နောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ကြောင်း၊ World Bank ထံမှ ယင်းဟိုတယ်တွင် ကျင်းပခွင့်ပြုရန် No Objection Letter (NOL) ကိုတောင်းခံခဲ့ရကြောင်း၊ ယင်းအခြေအနေများကို ဆရာဦးမောင်မောင်ဝင်း (MEITI ဥက္ကဌ) သို့တင်ပြပြီးဖြစ်သည့်အပြင် World Bank ထံမှလည်း NOL ကိုရရှိပြီးဖြစ်ကြောင်း နှင့် နေပြ ည်တော်တွင်ကျင်းပမည့် ပွဲတိုင်းအတွက် ဟိုတယ်အသုံးပြုရန် NOL ကိုကမ္ဘာ့ဘဏ်ဆီမှ တောင်းခံရမည့်ပုံစံ ဖြစ်နေသ ည့်အတွက် Implementation Manual ကို ပြန်လည်ပြင်ဆင်ရန်လိုအပ်နေကြောင်း ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ဦးဝင်းမျိုးသူမှ ၎င်းအနေဖြင့်လည်း Donor funds များဖြင့်ဆောင်ရွက်နေသည့် အဖွဲ့ဖြစ်သည့်အတွက် ၎င်းသဘောတရားကိုနားလည်ကြောင်း၊ ၎င်းတို့အနေဖြင့် Audited အမြင်ဖြင့်ကြည့်ခြင်းဖြစ်သလို မိမိတို့အနေဖြင့်လည်း နေပြည်တော်တွင်ကျင်းပမည့် ပွဲတိုင်းအတွက် ၎င်းတို့ထံမှ NOL ကိုတောင်းခံရမည်မှာလည်း အဆင်မပြေကြောင်း၊ ယင်းအတွက် Implemtation Manual ပြင်ဆင်ရမည်ဖြစ်သလို ယင်းပြင်ဆင်ပြီးသည်အထိစောင့်ရမည်ဖြစ်ကြောင်း နှင့် နောက်ပိုင်းတွင် အစိုးရ၏ ရံပုံငွေဖြင့်သာဆက်လက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

**EITI အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများအား အသိအမှတ်ပြုရေးကိစ္စ (ဒေါ်တာရာမောင်)**

ဒေါ်တာရာမောင်မှ EITI အစီရင်ခံစာတွင်ပါဝင်သည့် အင်တိုက်အားတိုက်ဆောင်ရွက်နေသည့် ကုမ္ပဏီများ နှင့် Beneficial Ownership (BO) template အား ဖြည့်သွင်းသည့်ကုမ္ပဏီများ အား သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များအနေဖြင့် မည်ကဲ့သို့ credit ပေးရန်စဉ်းစားထားသလဲ နှင့် အစီရင်ခံစာတွင် ဘယ်လိုထည့်သွင်းပေးချင်သလဲကို ဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။

ဦးခင်မောင်ဟန်မှ EITI တွင်ပါဝင်သည့်ကုမ္ပဏီများကို မှတ်တမ်းတင်ထားပြီး ဝန်ကြီးဌာနမှ အသိအမှတ်ပြုပေးသင့်ကြောင့် ဆွေးနွေးခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်ရန်အတွက် incentives ပေးရန်လိုအပ်ကြောင်း နှင့် ယင်းအတွက် EITI မှ စံနှုန်းများသတ်မှတ်ပြီး social licensing ပေးရန်၊ ယင်းကိုလည်း နိုင်ငံတစ်ကာတွင်ဆောင်ရွက်နေကြောင်း နှင့် ယင်းသို့ဆောင်ရွက်ရန်မှာ EITI ဥပဒေလိုအပ်ကြောင်း၊ ယခု MSG အနေဖြင့် ဘယ်လောက်ခိုင်မာသလဲသည်လည်း အရေးကြီးကြောင်း၊ နောက်ပိုင်းတွင် ဆုပေးဒက်ပေးစနစ်ကို အနာဂတ် EITI တွင်ထည့်သွင်းပေးနိုင်ရန်။ ယခုအချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ (သို့) သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ အသိအမှတ်ပြုရေးသည် လက်ခံနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဇော်ဘိုခန့်မှ ကုမ္ပဏီများအနေဖြင့် အစိုးရဦးဆောင်သည့် EITI လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့အတွက် မည်သည့် credits မှမလိုအပ်ကြောင်း၊ အဓိကအားဖြင့် MSG များအနေဖြင့် ကုမ္ပဏီများအတွက် (၁) Incentives (၂) Security နှင့် (၃) Protection အပိုင်းကိုသာစဉ်းစားပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ security, protection ကိုတောင်းဆိုခြင်းကို လက်ခံနိုင်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံရေးအခြေအနေနှင့် ပုဂ္ဂလိကကဏ္ဍ၏ လက်ရှိအခြေအနေ

အရ ဆောင်ရွက်ဖို့မဖြစ်နိုင်သေးခင်တွင် နိုင်ငံတစ်ကာစံနှုန်းနှင့်ကိုက်ညီပြီး ကျိုးကြောင်းမျှတသည့် social licensing ကိစ္စကို ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ ယင်းအတွက် စံချိန်စံနှုန်းများ ချမှတ်ရန်လို အပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဝင်းထိန်မှ ယင်းအတွက် EITI တွင်ပါဝင်သည့် ကုမ္ပဏီများကို ဘာပေးမလဲနှင့်စပ်လျဉ်း၍ အခြားနိုင်ငံမှ လုပ်ဆောင်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ယခုအချိန်တွင် protection, security အတွက် မဆောင်ရွက်နိုင်သေးကြောင်း၊ မြန်မာနိုင်ငံ တွင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိသည့် အနေအထားတွင်သာ ရှိသေးသည့်အတွက် ယင်းကို နိုင်ငံတော်အစိုးရမှသာ ဆောင်ရွက်ပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ EITI လုပ်ငန်းလုပ်ဆောင်ရင်း ခွဲခြားမှုမျိုးမဖြစ်စေရန်သည် အရေးကြီးကြောင်း၊ အဘယ်ကြောင့်ဆိုသော် EITI လုပ်ငန်းစဉ်အရ ကုမ္ပဏီများသည် စာရင်းဇယားများစနစ်တကျရေးဆွဲရန် နှင့် ငွေကြေးရင်းနှီးမြှုပ်နှံရမည်ဖြစ်သောကြောင့် ငွေကြေးအင်အားတောင့်တင်းသည့်ကုမ္ပဏီများအနေဖြင့် EITI စံနှုန်းနှင့်ကိုက်ညီစေရန် စတင်ဆောင်ရွက်နိုင်သော်လည်း အခြားသော လုပ်ငန်းအလယ်အလတ်နှင့် အငယ်များအတွက် rule of games သည် မညီမျှကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအလတ်နှင့်အငယ်များကို ပိုမိုဝေးသွားစေနိုင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ယင်းအပြင်မြန်မာနိုင်ငံတွင် Small and Medium Enterprise (SME) လုပ်ငန်းများများပြားသည့်အတွက် လုပ်ဆောင်နိုင်သည့်ကုမ္ပဏီများကို ချီးမြှင့်ရမည်ဖြစ်သလို မလုပ်ဆောင်နိုင်သေးသည့်ကုမ္ပဏီ များအတွက်လည်း ထည့်သွင်းစဉ်းစားပေးရန်လိုအပ်ကြောင်း၊ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း နှင့် EITI လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်သည့်အတွက် ကုမ္ပဏီများအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်နေသည့် အလျောက် အကျိုးကျေးဇူးများကြောင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်သည့် ကုမ္ပဏီများ အနေဖြင့် ပြဿနာပေါ်ပေါက်လာပါကလည်း အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မှန်ကန်စွာ ရပ်တည်ပေးနိုင်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် တတ်နိုင်သမျှ နိုင်ငံတစ်ကာစံနှုန်းများ နှင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ နှင့် ကိုက်ညီရန် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။

ဦးဝင်းတင်မှ ကုမ္ပဏီကြီးများအနေဖြင့် EITI လုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ပွင့်လင်းမြင်သာ စွာဆောင်ရွက်မှုရှိသည့်အတွက် အကျိုးခံစားခွင့်အများကြီးသက်ရောက်မှုရှိကြောင်း၊ SME များပိုမိုပါဝင်လာနိုင်အောင် ဆွဲဆောင်ခြင်းအားဖြင့်လည်း နိုင်ငံတစ်ကာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ပြီး ကုမ္ပဏီများ၏ စွမ်းဆောင်နိုင်မှုလည်း တိုးတက်လာမည်ဟုထင်မြင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဦးဝင်းထိန်မှ မြန်မာနိုင်ငံတွင် EITI ဥပဒေမထွက်ရှိသေးကြောင်း၊ မွန်ဂိုလီယားတွင်လည်း EITI law မထွက်ခင် သက်ဆိုင်ရာဥပဒေများ (ဥပမာ- သတ္တုဥပဒေ) တွင် ထည့်သွင်းဖော်ပြ ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မည်ကဲ့သို့ဆောင်ရွက်မလဲ MSG အစည်းအဝေးတွင် စဉ်းစားပေးရန် ပြောကြားခဲ့ပါသည်။

ဦးဝင်းတင်မှ အမျိုးသားလွှတ်တော်တွင် New company law ကို ပြဋ္ဌာန်းခဲ့ပြီး ယင်းတွင် Business ownership နှင့်စပ်လျဉ်းသည့် declaration များများစွာပါဝင်ပြီး ယင်းသည် EITI အတွက်အထောက်အကူအများကြီးဖြစ်မည်ထင်ကြောင်းပြောကြားခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးမှ ဝင်ရောက်ဆွေးနွေးရာတွင် EITI ၏ အကျိုးကျေးဇူးအနေဖြင့် အခွန်အခကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတစ်ကာတွင်လည်း အခွန်အခနှင့်စပ်လျဉ်း၍ အစိုးရဘက်မှ အားနည်းချက်များ နှင့် ကုမ္ပဏီများမှ မလိုက်နာမှုများလည်းရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ law များ တစ်ခုနှင့်တစ်ခု ကိုက်ညီမှုမရှိဖြစ်နေသည်လည်း ရှိကြောင်း၊ ယင်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လိုက်နာနိုင်သည့် စည်းမျဉ်းဥပဒေများ ချမှတ်ရန် အလွန်အရေးကြီးကြောင်း၊ ယခုအချိန်တွင် EITI အစီရင်ခံစာ ကို အောင်မြင်အောင်ဆောင်ရွက်ရင်း ကဏ္ဍသုံးခုစလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းချင်ကြောင်း ပြောကြားခဲ့ပြီး မည်သည့် credit မျှမပေးစေချင်ကြောင်း ပြောကြားခဲ့ပါသည်။

ဥပမာအားဖြင့် သစ်တောကဏ္ဍတွင်လည်း သစ်မာထုတ်သည့်ကုမ္ပဏီ နှင့် ပရိဘောဂလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီဟူ၍ အမျိုးအစား (၂) မျိုးရှိပြီး သစ်ထုတ်ကုမ္ပဏီများအနေဖြင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပိုမိုရင်းနှီးပြီး ခွဲခြားမှုများရှိကြောင်း၊ ကုမ္ပဏီများအကြား နားလည်မှုလွဲမှားမှုများဖြစ်ခဲ့ကြောင်း၊ ယင်းအတွက် EITI လုပ်ငန်းစဉ်ကို သန့်သန့်ရှင်းရှင်းဖြစ်စေရန်အတွက် မည်သည့်အခွင့်အရေးမှ မပေးသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဦးဝင်းမျိုးသူမှ အခြေအနေပေးလျှင် EITI ဥပဒေကို ရေးဆွဲရန်၊ လုပ်ငန်းရှင်များအတွက် လုပ်သာကိုင်သာအခြေအနေများကို ဖန်တီးပေးမှသာလျှင် အားလုံးပါဝင်နိုင်သောကြောင့်၊ Small and Medium Enterprise (SME) အားလုံးပါဝင်နိုင်ရန်အတွက် ယင်းအချက်ကိုထည့်သွင်းစဉ်းစားထားသည့် ဥပဒေကိုရေးဆွဲရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် NCA တွင်လည်း EITI လုပ်ငန်းစဉ်ပါဝင်နေသည့်အတွက် EITI လုပ်ငန်းစဉ်နှင့် တန်ဖိုးထားမှုကို လက်နက်ကိုင်တိုင်းရင်းသားများ (EAOs) များအနေဖြင့်လည်း သိရှိထားရန်လိုအပ်ပြီး EITI ကို ဥပဒေထွက်ရှိရန်အတွက်လည်း လွှတ်တော်၏ အခန်းကဏ္ဍသည် အရေးကြီးသောကြောင့် EITI လုပ်ငန်းစဉ်ကို တိုင်းရင်းသား လက်နက်ကိုင်များ နှင့် လွှတ်တော်တွင်ထည့်သွင်းဆွေးနွေးရန်စဉ်းစားသင့်ကြောင်း နှင့် MSG အနေဖြင့် ယင်းအတွက် အချိန်ကာလ တစ်ခုသတ်မှတ်ပေးရန် အဆိုပြုချင်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ဒေါ်တာရာမောင်မှ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များ ဆွေးနွေးထားသည့်အချက်များအရ

- EITI ကို ဥပဒေအနေဖြင့် ထွက်ရှိရေး
- လက်ရှိဥပဒေများတွင် EITI ကို ထည့်သွင်းဖော်ပြနိုင်ရေး
- EITI လုပ်ငန်းစဉ်အကြောင်းကို လွှတ်တော်တွင် တင်ပြဆွေးနွေးရန်။
- EAO နှင့်စပ်လျဉ်း၍လည်း လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့များကို အသိအမြင်ဖွင့်ခြင်းဆောင်ရွက်ရန် လိုအပ်သည်ကို တွေ့ရှိရသည့်အတွက် MSG များအနေဖြင့် ယင်းတို့ကို မည်သည့်အချိန်တွင် ဆောင်ရွက်ချင်သည်ကို ဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။

ယင်းနောက် ဒေါ် စုလှိုင်ထွန်းမှ ပထမအစီရင်ခံစာတွင် ပါဝင်သည့် Recommendations တွေကို အကောင်အထည်ဖော်နေမှု ဘယ်အခြေအနေရှိနေပြီလဲကို သိချင်ကြောင်း မေးမြန်းခဲ့ပါတယ်။

ဦးဝင်းမျိုးသူမှ EITI စံချိန်မီအဖွဲ့ဝင်လောင်းဖြစ်ရန်အတွက် အစီရင်ခံစာတွင် အားနည်းချက်ရှိခြင်းသည် ပြဿနာမဟုတ်ကြောင်း၊ ပထမအစီရင်ခံစာ၏ အကြံပြုချက်များကို ဘယ်လောက်အကောင်အထည်ဖော်လဲသည် ပိုမိုအရေးကြီးကြောင်း၊ လွှတ်တော်တွင်လည်း ယင်းမေးခွန်း ကိုမေးမြန်းထားပြီး သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့်လည်းဖြေကြား ရန်ပြင်ဆင်နေသည်ဟု ကြားသိရကြောင်း၊ NCS အဖွဲ့အနေဖြင့် ယင်းကို follow up/monitor လိုက်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဒေါ်တာရာမောင်မှ အကြံပြုချက်များ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလွဲ၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ (APR) အတွက် စာများထွက်ရှိ ၍ ဆောင်ရွက်ထားသည့်အခြေအနေများကိုတင်ပြထားကြောင်း၊ ယင်းကို follow up လိုက်သည့်အခါတွင်လည်း ဌာနဆိုင်ရာများအားလုံးမှ ဆောင်ရွက်လိုစိတ်ရှိပြီး မဆောင်ရွက် နိုင်သေးသည့် ကိစ္စအနေဖြင့် registration နံပါတ်ကိစ္စဖြစ်ကြောင်း၊ ယခုနှစ်တွင် ကုမ္ပဏီအရေအတွက် ပိုမိုများပြားလျက်ရှိပြီး ဌာနများတွင် သတ်မှတ်ထားသည့် နံပတ်များမှာ တစ်ခုနှင့် တစ်ခုမတူညီ သည့်အတွက် အခက်အခဲရှိကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ ယင်းအတွက် technical solution လိုအပ်ကြောင်း၊ MSG အနေဖြင့် အကြံပြုချက်ပဲပေးနိုင်ပြီး အမှတ်တစ်ကယ်ဆောင်ရွက်ရမည်မှာ ဌာနဆိုင်ရာများ ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် စတင်ဆောင်ရွက်ရန်လိုအပ်ကြောင်း နှင့် ယင်းကိစ္စကို leading committee တွင်ဆွေးနွေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

Recommendations တွင်ပါဝင်သည့် အချက်များထဲမှ သက်ဆိုင်ရာဌာနများ တွင် ဆောင်ရွက်နိုင်မှုမရှိသေးသည်မှာ identification no./registration no. နှင့်စပ်လျဉ်း ၍ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း နှင့် အချို့ကုမ္ပဏီများသည် အစိုးရဌာနများတွင် နာမည်စာရင်း မှားယွင်းနေခြင်း တို့အတွက် database system တစ်ခုလိုအပ်နေပြီး ယင်းကို working committee (သို့) Leading committee တွင်ဆွေးနွေးပေးရန်လိုအပ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ဒေါ်တာရာမောင်မှ နယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping study report) ကို အကျဉ်းချုပ်ဘာသာပြန်လျှင် စာမျက်နှာ ၁၅ မျက်နှာခန့်သာရှိကြောင်း၊ တစ်အုပ်လုံးတွင် စာမျက်နှာ ၁၂၂ မျက်နှာပါဝင်သည့်အတွက်ငွေကြေးအရ အခက်အခဲရှိမည်ဖြစ်သည့်အတွက် အကျဉ်းချုပ်ကိုဘာသာ ပြန်ဆိုချင်ကြောင်း၊ ယင်းအတွက် ပိုက်ဆံရှိကြောင်းတင်ပြခဲ့ပါသည်။

ယင်းနောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့များမှ အစီရင်ခံစာအကျဉ်းချုပ်ကို ဘာသာပြန်ရန် သဘောတူခဲ့ပါသည်။

သစ်တောကဏ္ဍဆိုင်ရာနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာကို နည်းပညာနှင့်အစီရင်ခံ စာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပြီး ယင်းတွင် သစ်တောဦးစီးဌာန နှင့် မြန်မာ့ သစ်လုပ်ငန်းတို့မှ working committee တို့လည်းတွေ့ဆုံမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

Sub-national Unit (SNU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးသို့ ဩဂုတ်လ ၁၃ ရက်နေ့တွင်တင်ထားကြောင်း၊ ယင်းကိစ္စကို ဦးစိုးဝင်း (National Coordinator) မှ follow up လိုက်နေကြောင်း ပြောကြားခဲ့ပါသည်။ သမ္မတရုံးမှ MATA နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆောင်ရွက်ခိုင်းထားကြောင်း ပြောကြားခဲ့ပါသည်။။။

ဦးဝင်းမျိုးသူမှ MATA အဖွဲ့သည် MEITI ၁.၃ အရဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစိုးရပိုင်းမှ information gap ဖြစ်နေသည့်အတွက် ယင်းကိစ္စကို မသိရှိခြင်းဖြစ်နိုင်ကြောင်း၊ အစိုးရပိုင်းအနေဖြင့် သိချင်လျှင် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့် တင်ပြပေးရန်လိုအပ်ကြောင်း၊ သမ္မတရုံးသို့ တင်ပြရန်လိုအပ်သည့်အထောက်အထားများကို NCS ရုံးမှ ချိတ်ဆက်ဆောင်ရွက်တင်ပြထား ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးဝင်းမျိုးသူမှ Communication plan/strategy ကရှိပြီးဖြစ်ကြောင်း နှင့် ယင်းတွင် different stakeholders နှင့် ဘယ်လိုချိတ်ဆက်မလဲပါဝင်မည်ထင်ကြောင်း၊ EITI သည် ကိန်းဂဏန်းအချက်အလက်သာ အဓိကမဟုတ်ဘဲ debate သည်အဓိကဖြစ်ကြောင်း၊ Outreach plan တွင် ဒေသခံပြည်သူများကို ဘယ်လိုပြောမလဲ၊ အကျိုးဆက်စပ်ပတ်သက်သူများကို ဘယ်လိုပြောမလဲ၊ press conference ဆောင်ရွက်ရန် နှင့် debates ဆောင်ရွက်မည့်ပုံစံများ ပါဝင်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဒေါ်တာရာမောင်မှ Communication Plan တွင် ခေါင်းစဉ်များသာထည့်ထားပြီး အသေးစိတ်ဆောင်ရွက်မည့်အရာများကို မထည့်ရသေးကြောင်း၊ ၃ လစာ (သို့) ၆ လစာ ဆောင်ရွက်မည့်အရာများကို အသေးစိတ်ရေးဆွဲရန် လိုအပ်ကြောင်း၊ time schedule နှင့် action plan ရေးဆွဲရန်လိုအပ်ကြောင်း၊ World Bank ၏ ဘက်ဂျက်ဖြင့်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် field visit သွားရန် ရွေးချယ်ထားသော်လည်း ရွေးချယ်ထားသည့် ကုမ္ပဏီများထဲမှ ကုမ္ပဏီ ၃ ခုမှာ ဖျက်သိမ်းလိုက်ပြီဖြစ်သောကြောင့် အခြားသော top 3 ကုမ္ပဏီများကို ရွေးချယ်ရာတွင် မြန်မာ့ကျောက်မျက်လုပ်ငန်း၏ အကြံပြုချက်ကို ရယူမည်ဖြစ်သလို IA Field visit အတွက် သတ်မှတ်ထားသည့် criteria များနှင့်ကိုက်ညီသည့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်လုံးပေါင်း top 3 companies ကို ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ရွေးချယ်ထားသည့်ကုမ္ပဏီများကို Field Visit ဆင်းရာတွင် ဆောင်ရွက်မည့် လုပ်ငန်းများ နှင့် အချိန်တို့ပါဝင်သည့် ခရီးစဉ်အစီအစဉ်အသေးစိတ်ကို အနည်းဆုံး (၂) ပတ်ကြိုတင်အကြောင်းကြားပေးရန် လိုအပ်ကြောင်း နှင့် အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ ဖားကန့်ဒေသသို့ IA သွားရောက်လေ့လာခွင့် ရရှိစေရန်အတွက် လိုအပ်သည့် အချက်အလက်များကို ပြင်ဆင်ရန် နှင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြပါသည်။ ခွင့်ပြုမိန့်တောင်းခံရာတွင်လည်း သွားရောက်ခွင့်ရပါက (သို့) မရပါက ကောင်းကျိုး၊ ဆိုးကျိုး အခြေအနေများကို ထည့်သွင်းရေးသားရန် လိုအပ်ကြောင်း၊ လုံခြုံရေးအရအကြောင်းပြခြင်းသည်လည်း အစိုးရမှ ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည့်အတွက် မဖြစ်သင့်ကြောင်း၊ ယင်းတို့ကို

ပေါ်လွင်အောင် ရေးသားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ လုံခြုံရေး အကြောင်းပြချက်အရ IA သွားရောက်၍ မဖြစ်နိုင်ပါက EITI အစီရင်ခံစာတွင် မသွားရောက်နိုင်ရသည့် အကြောင်းရင်းကို မှတ်ချက်ဖြင့် ဖော်ပြခံရမည်ဖြစ်ပြီး Recommendations တွင်ပါဝင်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို နိုင်ငံတော်အကြီးအကဲ များသိရှိအောင် ဆောင်ရွက်ရန်လို အပ်ကြောင်း ဦးဂင်းမျိုးသူမှ ဆွေးနွေးခဲ့ပါသည်။

ယင်းနောက် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ကရင်ပြည်နယ်၊ ဖားအံမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ EITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့တွင်ပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦး ကို ကျောက်မီးသွေးနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မိတ္တူကူးယူခြင်းကို တားမြစ်ခြင်း နှင့်ရဲစခန်းသို့ ခေါ်ယူခြင်းခံရသည့် ပြဿနာဖြစ်ပွားနေကြောင်း၊ ယင်းကိစ္စကို ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်လည်းပါဝင်သည့် MSG အစည်းအဝေးတွင် တင်ပြလိုကြောင်း နှင့် MSG အနေဖြင့် ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲ ဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးမှ ပြည်နယ်နှင့် တိုင်း အထွေထွေအုပ်ချုပ်ရေးမှူးများ အနေဖြင့်သက်ဆိုင်ရာ ပြည်နယ်/တိုင်းအစိုးရ၏ ထုတ်ပြန်ချက်များ အတိုင်း ဆောင်ရွက်ရခြင်း ဖြ ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရုံးချုပ်အနေဖြင့် သီးသန့်ညွှန်ကြားထားချက်များ မရှိကြောင်း ဖြေကြားခဲ့ပါသည်။

ထို့နောက် ၎င်းမှ လက်ရှိတွင် EITI လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးရန် စာထုတ်ပေးထားကြောင်း၊ EITI အကြောင်းကို အောက်ခြေအထိကျယ်ကျယ်ပြန့်ပြန့်သိရှိရန်လည်း လိုအပ်ကြောင်း၊ ယင်းအတွက် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် Sub-national Unit (SNU) များဖွဲ့စည်းရန်သည်အရေးကြီးကြောင်း၊ ထိုသို့ ဆောင်ရွက်ပြီးပါက EITI လုပ်ငန်းစဉ်အကြောင်း ကို ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အောက်ခြေမှ အထွေထွေအုပ်ချုပ်ရေးမှူးများ အနေဖြင့်လည်း EITI လုပ်ငန်းစဉ်အကြောင်းကို ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၎င်းနောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ အရပ်ဘက်အဖွဲ့အစည်းတွင် ကြုံတွေ့နေရသည့် ပြဿနာကို NCS ရုံးအနေဖြင့် MATA အဖွဲ့ထံမှ သတင်းအချက်အလက်တောင်းယူ၍ အထွေထွေအုပ်ချုပ်ရေးမှူးဌာန (GAD) သို့ မေးမြန်းစုံစမ်းပေးရေး အကြောင်းကြားစာ ထွက်ရှိပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

ယင်းနောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ communication strategy တွင် grievance procedures ကိုထည့်သွင်းရေးဆွဲရန် နှင့် ယင်းကို Communication and Outreach sub-committee တွင်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းနောက် ဦးဝင်းထိန်မှ အကျိုးဆက်စပ်ပတ်သက်သူများတွင် အချို့သည် EITI လုပ်ငန်းစဉ်တွင် ပါဝင်နေသော်လည်း EITI အကြောင်းကို ဂဃနဏ မသိရှိသည်ကိုတွေ့ရသည့်အတွက် NCS ရုံးအနေဖြင့် ဘာသာပြန်ဆိုထားသည့် EITI စံနှုန်းများထွက်ရှိလျှင် ၎င်းနှင့် အခြားသော EITI

လုပ်ငန်းစဉ်ဆိုင်ရာ စာရွက်စာတမ်းများကို EITI နှင့်ပတ်သက်၍ဆောင်ရွက်နေသည့် သူများအား ဖြန့်ဝေပေးရန် ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်တွင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ EITI လုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းတင်ပြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ ဆောင်ရွက်မည့်ကိစ္စ အသေးစိတ်ကို လာမည့် Comunication and Outreach Sub-committee တွင် ဆွေးနွေးပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**နှုတ်ခွန်းဆက်ကျေးဇူးတင်စကားပြောကြားခြင်း**

EITI ဒုတိယဥက္ကဌ ဦးဝင်းထိန် မှ အစည်းအဝေးသို့ တက်ရောက်ပေးကြသည့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း၊ ဒုတိယအစီရင်ခံစာကို အချိန်မီပြီးစီးစေရန်အတွက် အခက်အခဲဖြစ်နေသည့် ကုမ္ပဏီများအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းကူညီပေးကြရန် နှင့် ယင်းလုပ်ငန်းစဉ်သည် အစိုးရ နှင့် နိုင်ငံတော်ဂုဏ်သိက္ခာအရ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

**နောက်ဆက်တွဲ (၁) အစည်းအဝေးသို့ တက်ရောက်သူများစာရင်း**

| No. | Name | Organization | Title | Email |
|---|---|---|---|---|
| 1 | U Win Htein | DOM | DG (Retd.) | uwinhtein58@gmail.com |
| 2 | U Than Htay Aung | MOGE | Advisor | Thanhtay3000@gmail.com |
| 3 | U Kyaw Thet | DOM | DDG | k.that2011@gmail.com |
| 4 | U Myo Naing | MGE | Director | myonaingmge@gmail.com |
| 5 | U Nay Lin Soe | IRD (MOPF) | Director | naylinsoe.ird@gmail.com |
| 6 | U Soe Yee | MTE | AGM | soeyee.mte@gmail.com |
| 7 | Daw Htar Yee | OAG | Director | |
| 8 | Daw Mi Mi Win | GAD | Director | gad.office.gov@gmail.com |
| 9 | U Win Myo Thu | MATA | MSG | winmyothu@gmail.com |
| 10 | U Aung Kyaw Moe | MATA | MSG | komoe.akm@gmail.com |
| 11 | U Naing Lin Htut | MATA | MSG | linlin751245@gmail.com |
| 12 | U Aung Phyo Kyaw | MATA | Alternate | caspa007@ gmail.com |
| 13 | U Htoo Aung | MATA | Alternate | mata.comofficer@gmail.com |
| 14 | Daw Moe Moe Htun | MATA | MSG | moe2tun@gmail.com |
| 15 | Daw Su Hlaing Myint | MATA | MSG | seinthwe.sgg@gmail.com |

| | | | | |
|---|---|---|---|---|
| 16 | U Zaw Bo Khant | MGJEA | CEC | kobobo001@gmail.com |
| 17 | U Nan Win | | Secretary | nanwinhk@gmail.com |
| 18 | U Myo Zaw Oo | MPRL Exp | SSEO | myo.z.oo@gmail.com |
| 19 | U Saw Lu Say Wah | Myanmar Yangtse Copper | Alternate | sawlwa.miningone@gmail.com |
| 20 | U Win Tin | Total | Alternate | u.win-tin@total.com |
| 21 | U Aye Lwin | MFPMF | Alternate | ayelwin.54@gmail.com |
| 22 | U Khin Maung Han | MFMA | Chairman | khinmghan@gmail.com |
| 23 | Daw Khin Saw Htay | NRGI | | |
| 24 | Daw Yu Yu Naing | DFID | Advisor | y.naing@dfid.gov.uk |
| 25 | U Maw Htun Aung | NRGI | MM Manager | maung@resourcegovernance.org |
| 26 | U Thein Htun | AD | DOM | theinhtun.dgse@gmail.com |
| 27 | U Aung Khaing | NCS | DNC | aungkhine.meiti@gmail.com |
| 28 | Daw Zin Mar Myaing | NCS | PM | programmemanager@myanmareiti.org |
| 29 | U Htun Paw Oo | NCS | TS | uhtunpawoo51@gmail.com |
| 30 | U Soe Thiha Naing | NCS | Admin Officer | admin@myanmareiti.org |
| 31 | U Pyay Thar Kyaw | NCS | IT & Outreach Officer | pyaythar.meiti@gmail.com |
| 32 | U Kyaw Thin Maung | NCS | PA | kyawthinmaun.meiti@gmail.com |
| 33 | U Tat Tun Sai | NCS | Admin Staff | tattunsai.meiti@gmail.com |
| 34 | Daw Aye Chan Wai | NCS | CA | Ayechanwai.meiti@gmail.com |
| 35 | Daw Taryar Maung | NCS | Technical Advisor | taryarmaung@gmail.com |
| 36 | Daw Ei Ni Tar | IRD | Staff Officer | Einitar1989@gmail.com |
| 37 | Olyu Dhdll | US Embassy | | ABDALLAAN@State.gov |
| 38 | Daw Kay Thi Khaing | US Embassy | Economic Specialist | KhaingKT@state.gov |
| 39 | Daw Hnin Wai Aung | MOBD | AD | hninwaaung.budget@gmail.com |
| 40 | Daw Khin Pa Pa Khaing | MOBD | AD | Khinpapakhaing.kppk@gmail.com |

| | | | | |
|---|---|---|---|---|
| 41 | Daw Thin Thin Aung | MOBD | Staff officer | ttaung@gmail.com |
| 42 | Daw Khin Khin Lwin | MOBD | Director | khinlwin@gmail.com |
| 43 | U Sun Win | MOBD | DD | sunwin.mof@gmail.com |
| 44 | Daw Shwe Yee Win | MOBD | Staff Officer | Shweyeewin.mdy@gmail.com |
| 45 | U Thaw  Tint | MRE KMPC | Director | myanmarrubyenterprise@gmail.com |
| 46 | Daw Kyu Kyu Win | MGE | DAD | Kkywin.1969@gmail.com |
| 47 | U Min Thu | MGE | DD | Minthu209.1962@gmail.com |
| 48 | U Htun Htun Zaw | MGE | AD | minmahaw392@gmail.com |
| 49 | Shona Kirkwood | WB | Consultant | skirkwood@worldbank.org |
| 50 | Gvizore Lkiega | WB | Consultant | |
| 51 | Daw Tinzar Htun | WB | Consultant | thtun@worldbank.org |
| 52 | Daw Aye K Swe | NRGI | Senior Officer | akswe@resourcegovernance.org |

# အဌမအကြိမ်မြောက် MEITI- သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များ

ရက်စွဲ။ ။ ၆ရက်၊ နိုဝင်ဘာလ ၂၀၁၇ခုနှစ်

နေရာ။ ။ Kempinski Hotel, Naypyitaw

| စဉ် | ဆုံးဖြတ်ချက်များ | အချိန်ကာလ | လုပ်ဆောင်မည့်သူ | မှတ်ချက်များ |
|---|---|---|---|---|
| ၁ | Gems and Jade, Other Minerals နှင့် oil & gas sector တို့တွင် reporting templates များမပေးပို့ရသေးဘဲ ကျန်ရှိနေသေးသည့် ကုမ္ပဏီများအတွက် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နောက်ဆုံးထား၍ soft copy နှင့် hard copy ပါထွက်ရှိပေးရန်။ | နိုဝင်ဘာလ ၁၀ ရက် | ကျန်ရှိနေသေးသည့် ကုမ္ပဏီများ၊ MGE, MOGE, DOM | |
| ၂ | နိုဝင်ဘာလ ၁၀ ရက်နေ့ထိတိုင်အောင် templates ပေးပို့မှုမရှိသည့် ကုမ္ပဏီများအတွက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) မှ သက်ဆိုင်ရာဝန်ကြီးဌာနများ (Line Ministries) သို့ စာထွက်ရှိနိုင်ရေး NCS မှ ကူညီပေးရန်။ | နိုဝင်ဘာလ ၁၁ ရက် | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၊ အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၃ | ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန် (MOGE) မှ ကျန်ရှိနေသေးသည့် ကုမ္ပဏီများ ၂၃ ခု အတွက် သက်ဆိုင်ရာဒေတာများကို နိုဝင်ဘာလ ၈ ရက်၂၀၁၇ ခုနှစ်တွင် ထွက်ရှိပေးမည်။ သက်ဆိုင်ရာ ဒေတာမရရှိနိုင်သည့် ကုမ္ပဏီများအတွက် လက်ရှိအခြေအနေကို (current status such as study period) MOGE မှ Moore Stephens (IA) နှင့် NCS သို့စာထွက်ရှိပေးရန်။ | နိုဝင်ဘာလ ၈ ရက် | ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း | |

| | | | | |
|---|---|---|---|---|
| | | | | |
| ၄ | NCS အနေဖြင့် reporting template training မတက်ဖူးသည့် ကုမ္ပဏီများသို့ သွားရောက်၍ ကူညီဆောင်ရွက်ပေးရန်။ ယင်းအတွက် time schedule ရေးဆွဲရန်။ | နိုဝင်ဘာလ ၇ ရက် | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၅ | ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် လိပ်စာအပြောင်းအလဲရှိသည့် ကုမ္ပဏီများ နှင့် နိုင်ငံခြားလိပ်စာပဲရှိသည့် ကုမ္ပဏီများအတွက် MOGE နှင့် လိပ်စာများကို တိုက်ဆိုင်စစ်ဆေးပြီး သတင်းအချက်အလက်များ ပြန်လည်ရှာဖွေရန်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ယင်းသတင်းများအား မရရှိပါက NCS ရုံးသို့အကြောင်းကြားရန်။ ယင်းနောက် သတင်းစာတွင် ယင်းကုမ္ပဏီများအား ထည့်သွင်းကြေငြာရန်။ | နိုဝင်ဘာလ ၁၀ ရက် | ပြည်တွင်းအခွန်ဦးစီးဌာန၊ အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၆ | OGPD မှ reporting template soft copy ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် Moore Stephens (IA) ဆီသို့ ပေးပို့ပေးရန်။ Royalty အား တန်ဖိုးဖြင့်ထည့်သွင်းဖော်ပြရန်။ | နိုဝင်ဘာလ ၇ ရက် | မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း | |
| ၇ | သစ်တောဦးစီးဌာနမှလည်း land rental fee ပါဝင်သည့် soft copy reporting templates များကို နိုဝင်ဘာလ ၇ ရက်နေ့တွင် Moore Stephens (IA) ဆီသို့ ပေးပို့ပေးရန်။ | နိုင်ဝင်ဘာလ ၇ ရက် | သစ်တောဦးစီးဌာန | |
| ၈ | Central committee အတွက် မြန်မာ့ကျောက်မျက်လုပ်ငန်း မှ လိုအပ်သည့်ဒေတာများကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် Moore Stephens (IA) ဆီသို့ အရောက်ပေးပို့ရန်။ | နိုဝင်ဘာလ ၁၀ ရက် | မြန်မာ့ကျောက်မျက်လုပ်ငန်း | |
| ၉ | နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သက်ဆိုင်ရာဝန်ထမ်းများ နှင့် MOPF အောက်ရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများတွေ့ဆုံ၍ OAG အနေဖြင့် certification ဆောင်ရွက်ပေးရန် မည်သည့်ဒေတာများလိုအပ်သည် နှင့် MOPF အောက်ရှိ ဌာနများအနေနှင့် မည်သည့်အချိန်အတွင်း ယင်းဒေတာများကို OAG ရုံးသို့ ပေးပို့နိုင်သည်တို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးရန်။ | နိုဝင်ဘာလ ၁၄ ရက် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန လက်အောက်ရှိ ဌာနလေးခု နှင့် အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |

| | | | | |
|---|---|---|---|---|
| ၁၀ | Field visit သွားရန်အတွက် အချိန်မှာ တစ်ပတ်သာရှိသည့် အချိန်အကန့်အသတ်အခက်အခဲကြောင့် တစ်နှစ်လျှင် top 3 ကုမ္ပဏီသို့ သွားရောက်ရန် လက်တွေ့တွင် မဖြစ်နိုင်သောကြောင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ (၂) နှစ်လုံးပေါင်းအတွက် Top 3 ကုမ္ပဏီ (၃) ခုသာသွားရောက်ရန် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များမှ အဆိုပြုဆုံးဖြတ်သည်။<br><br>အောက်ပါ လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူအဖွဲ့မှ ရွေးချယ်ထားသော ကုမ္ပဏီများထဲမှ ကုမ္ပဏီ (၃) ခုမှာလုပ်ငန်းဖျက်သိမ်းသွား ပြီဖြစ်သောကြောင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသော ကုမ္ပဏီများကို အတည်ပြုစစ်ဆေးပေးရန် ဆုံးဖြတ်သည်။<br><br>1. Myanmar Win Gate Gems & Jewellery Mining (2014-15)<br>2. Sein Lom Taung Tan Gems Ltd. (2014-15)<br>3. Ya Za Htar Ne Gems Co.,Ltd (2014-15)<br>4. Great Genesis Gems (2015-16)<br>5. Wai Aung Gabar Gems Co; Ltd (2015-16)<br><br>ရွေးချယ်ထားသည့်ကုမ္ပဏီများကို Field Visit ဆင်းရာတွင် ဆောင်ရွက်မည့် လုပ်ငန်းများ နှင့် အချိန်တို့ပါဝင်သည့် ခရီးစဉ်အစီအစဉ်အသေးစိတ်ကို အနည်းဆုံး (၂) ပတ်ကြိုတင်အကြောင်းကြားပေးရန်။<br>အမျိုးသားအဆင့်ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ ဖားကန့်ဒေသသို့ IA သွားရောက်လေ့လာခွင့်ရရှိစေရန်အတွက် လိုအပ်သည့် အချက်အလက်များကို ပြင်ဆင်ရန် နှင့် ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ရန်။<br>ယင်းခရီးစဉ်သည် နိုင်ငံတော်၏ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှု၊ | နိုဝင်ဘာလ ၁၃ ရက် | အမျိုးသားအဆင့်<br><br>ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |

| | | | | |
|---|---|---|---|---|
| | တာဝန်ခံမှုကို ဖော်ဆောင်သော လုပ်ငန်းစဉ်ဖြစ်သောကြောင့် ခရီးစဉ်ဖြစ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲများမှ သိရှိပြီး အလေးထားဆောင်ရွက်ရန် လိုအပ်သောကြောင့် ထိုကဲ့သို့သိရှိနားလည်စေရန် မှတ်တမ်းတင်အကြောင်းကြားရမည်ဖြစ်ကြောင်း နှင့် အကယ်၍<br>လုံခြုံရေး အကြောင်းပြချက်အရ IA သွားရောက်၍ မဖြစ်နိုင်ပါက EITI အစီရင်ခံစာတွင် မသွားရောက်နိုင်ရသည့် အကြောင်းရင်းကို မှတ်ချက်ဖြင့် ဖော်ပြခံရမည်ဖြစ်ပြီး Recommendations တွင်ပါဝင်မည်ဖြစ်သည့်အတွက် ယင်းနောက်ဆက်တွဲအကျိုးဆက်များ နှင့် နိုင်ငံရေးအရ အရေးပါမှုကို နိုင်ငံတော်အကြီးအကဲများနားလည်သဘောပေါက်သိရှိရန် လိုအပ်ကြောင်း ဆွေးနွေးအတည်ပြုသည်။ | | | |
| ၁၁ | ဦးဇော်ဘိုခန့်မှ IA သွားရောက်မည့် Field Visit အတွက် MGE နှင့် ညှိနှိုင်းကာ စီစဉ်ဆောင်ရွက်သင့်ကြောင်း၊ လုံခြုံရေးအရ နိုင်ငံခြားသားများကို ဖားကန့်ဒေသသို့ သွားရောက်ခွင့် မပေးခဲ့သည့် ဥပမာများ ရှိခဲ့သည့်အတွက် ခွင့်ပြုပေးရန်အလားအလာရှိသည့် နေရာများတွင် တည်ရှိသော ကုမ္ပဏီများကို IA Field Visit အတွက်ထည့်သွင်းစဉ်းစား စီစဉ်ထားရှိမှုများပြုလုပ်ရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးပါသည်။ | | | |
| ၁၂ | MOPF လက်အောက်ရှိဌာန (၄) ခုဖြစ်သည့် ပြည်တွင်းအခွန်ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန နှင့် ရသုံးမှန်းခြေဦးစီးဌာနတို့၏ reporting entities များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ December လကုန်အတွင်း အပြီး verify လုပ်ပေးရန်။ | ဒီဇင်ဘာလ ၃၀ ရက် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | |
| ၁၃ | လိုင်ဘေးရီးယား နိုင်ငံမှ Mr. Nagbalee Warmer အား ဒီဇင်ဘာလ ၅ ရက်နေ့ ေ နေ့လည်ပိုင်းအချိန်တွင် MEITI-NCS ရုံး၌ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီမှ တွေ့ဆုံရန်။ | ဒီဇင်ဘာလ ၅ ရက် | နည်းပညာ နှင့် အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ | |
| ၁၄ | နယ်ပယ်လေ့လာသတ်မှတ်ခြင်း အစီရင်ခံစာ (Scoping Study Report) | နိုဝင်ဘာလ ၆ ရက် | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ | |

| | | | | |
|---|---|---|---|---|
| | ကိုအတည်ပြုခဲ့ပါသည်။ | | | |
| ၁၅ | BO consultant အဖြစ် ရွေးချယ်ထားသည့် Adam Smith International ထံမှ financial & technical proposal ကို ပြန်လည် တောင်းခံထားပြီး ရရှိပါက Selection sub-committee သို့တင်ပြရန်။ | နိုဝင်ဘာလ ၉ ရက် | ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီ | |
| ၁၆ | မည်သည့်အစိုးရလက်ထက်တွင်မဆို သယံဇာတတူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးနှင့် EITI လုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်စေရန်နှင့် လုပ်ငန်းရှင်များအားလုံးပါဝင်နိုင်စေရန် ၎င်းတို့အတွက် လုပ်သာကိုင်သာအခြေအနေများကို ဖန်တီးပေးသည့် EITI ဥပဒေ ထွက်ရှိရေး ဆောင်ရွက်ရန် နှင့် EITI ကို ဥပဒေအနေဖြင့် မထွက်ရှိနိုင်သေးပါက လက်ရှိဥပဒေများတွင် EITI ကို ထည့်သွင်းဖော်ပြနိုင်ရေးဆောင်ရွက်ရန်တို့အတွက် EITI လုပ်ငန်းစဉ်အကြောင်း ကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြဆွေးနွေးရန်။ | နိုဝင်ဘာလကုန် နှင့် ဒီဇင်ဘာလ ပထမအပတ်အတွင်း | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ | |
| ၁၇ | EITI လုပ်ငန်းစဉ်သည် NCA တွင် ထည့်သွင်းဖော်ပြထားသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်များ (EAO) အထူးသဖြင့် NCA တွင်လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့ကို EITI နှင့်စပ်လျဉ်း၍ အသိအမြင်ဖွင့်ခြင်းဆောင်ရွက်ရန်။ | နိုဝင်ဘာလကုန် နှင့် ဒီဇင်ဘာလ ပထမအပတ်အတွင်း | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ | |
| ၁၈ | ပထမအစီရင်ခံစာတွင် ပါဝင်သည့် Recommendations တွေကို အကောင်အထည်ဖော်နေမှု ဘယ်အခြေအနေရှိနေပြီလဲကို NCS team အနေဖြင့် follow up/monitor လိုက်ရန်ကိစ္စ<br>ကုမ္ပဏီများ၏ identification no/registration no. အတွက် database system တစ်ခုကို စတင်တည်ဆောက်နိုင်ရေးကို Leading committee တွင်တင်ပြပြီး မည်သည့်ဌာနမှ စတင်လုပ်ဆောင်နိုင်ရန်နှင့် မည်ကဲ့သို့လုပ်ဆောင်မည်ကို လမ်းညွှန်မှုရရှိစေရန်အတွက် စတင်ဆောင်ရွက်ရန်။ | လာမည့် ဦးဆောင်ကော်မတီ အစည်းအဝေး | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၊ ဦးဆောင်ကော်မတီ | |

| | | | | |
|---|---|---|---|---|
| ၁၉ | သစ်တောကဏ္ဍ scoping study report မူကြမ်းကို MSG ကိုယ်စားလှယ်များအား ယခုအပတ်အတွင်း ဖြန့်ဝေ၍ သဘောထားမှတ်ချက်တောင်းခံပြီး ယင်းကို လာမည့် Technical and Reporting Sub-committee တွင် ဆွေးနွေးအတည်ပြုပေးရန်။ | နိဝင်ဘာလ ၂၀ ရက် | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၊ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ | |
| ၂၀ | နယ်ပယ်လေ့လာသတ်မှတ်ခြင်း အစီရင်ခံစာ (Main Scoping study report in English version) ကို ၁၅ မျက်နှာခန့် အနှစ်ချုပ် (summary) ဘာသာပြန်ရန်။ ဘာသာပြန်ဆိုခကို အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၏ ဘက်ဂျက်ဖြင့် ကျခံသုံးစွဲရန်။ | နိဝင်ဘာလ ၇ ရက် | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၂၁ | သစ်တောဆိုင်ရာ နယ်ပယ်လေ့လာခြင်း အစီရင်ခံစာတွင် အောက်ပါအချက်များကို ထည့်သွင်းရန် အတည်ပြုဆုံးဖြတ်သည်။<br>- သီးခြားအကောင့်များတွင် ထည့်သွင်းထားသည့် ဘဏ္ဍာငွေများကိစ္စ<br>- သစ်တောကဏ္ဍ sub-contract ပေးရာတွင် procurement ကိုချမှတ်ထားသည့် စည်းကမ်းအတိုင်းလိုက်နာမှုရှိသလား နှင့် ပွင့်လင်းမြင်သာမှုရှိသလား။<br>- ပုံစံ (၈) ဖမ်းဆီးသစ်များကို စနစ်တကျဖော်ပြရေးကိစ္စ<br>- အသေးစားသစ်တောထွက်ပစ္စည်းများကို တိုင်းနှင့် ပြည်နယ်များတွင် စီမံခန့်ခွဲနေပုံ<br>- Sub-contractor ကုမ္ပဏီများ၏ ဝင်ငွေခွန် နှင့် အမြတ်ခွန်ကိုထည့်သွင်းဖော်ပြရန် | | သစ်တောကဏ္ဍ လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ် စ်ဆေးသူ | |
| ၂၂ | Action Plan နှင့် Communication Plan ကို အကောင်အထည်ဖော်ရန် နှင့် ပြန်လည်သုံးသပ်ရန်။ | နိဝင်ဘာလအတွင်း | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |

| | | | | |
|---|---|---|---|---|
| ၂၃ | National Coordination Secretariat (NCS) ရုံးမှ ကရင်ပြည်နယ်၊ ဖားအံမြို့တွင်ဖြစ်ပွားသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးကို ကျောက်မီးသွေးနှင့်စပ်လျဥ်း၍ စာရွက်စာတမ်းများ မိတ္တူကူးယူခြင်းကို တားမြစ်ခြင်း နှင့်ရဲစခန်းသို့ ခေါ်ယူခြင်းခံရသည့် ပြဿနာကို MATA အဖွဲ့ထံမှ သတင်းအချက်အလက်တောင်းယူ၍ အထွေထွေအုပ်ချုပ်ရေးမှူးဌာန (GAD) သို့ မေးမြန်းစုံစမ်းပေးရေး အကြောင်းကြားစာ ထွက်ရှိပေးရန်။ | နိုဝင်ဘာလ ၁၈ ရက် | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၂၄ | ပြန်ကြားဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ (Communication and Outreach sub-committee meeting) တွင် Grievance Procedures ပါဝင်သည့် communication plan/strategy ကို ပြန်လည်ရေးဆွဲရန်။ | နိုဝင်ဘာလ ၂၂ ရက် | အမျိုးသားအဆင့် ညှိနှိုင်း ဖော်ဆောင်ရေးမှူးရေး ရုံး၊ ပြန်ကြားဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ | |
| ၂၅ | တိုင်းနှင့် ပြည်နယ်အသီးသီးတွင် Sub-national Units (SNUs) ဖွဲ့စည်းနိုင်ရေး လိုအပ်ချက်များအတွက် အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်။ | နိုဝင်ဘာလအတွင်း | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၂၆ | ၉ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေး | ဒီဇင်ဘာလ ၄ ရက် | သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့၊ အမျိုးသားအဆင့် | |

| | | | | |
|---|---|---|---|---|
| | | | ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |
| ၂၇ | နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေး | နိုဝင်ဘာလ ၂၀ ရက် | နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ၊ အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၊ | |
| ၂၈ | ပြန်ကြားဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီအစည်းအဝေး | နိုဝင်ဘာလ ၂၁ ရက် | ပြန်ကြားဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ၊ အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၊ | |
| ၂၉ | Selection Sub-committee meeting & Mining Cadaster meeting | နိုဝင်ဘာလ ၁၇ ရက် | Selection Sub-committee, အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၊ | |
| ၃၀ | လုပ်ငန်းစဉ် နှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းခွဲကော်မတီ အစည်းအဝေး | နိုဝင်ဘာလ ၂၃ ရက် | လုပ်ငန်းစဉ်နှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းခွဲကော်မတီ | |
| ၃၁ | အမျိုးသားအဆင့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးမှ ဘာသာပြန်ဆိုထားသည့် EITI စံနှုန်း နှင့် | နိုဝင်ဘာလ အတွင်း | အမျိုးသားအဆင့် | |

| | | | | |
|---|---|---|---|---|
| | အခြားသော EITI စာရွက်စာတမ်းများအား EITI လုပ်ငန်းစဉ်တွင်ပါဝင်နေသည့် သက်ဆိုင်သူများ (Stakeholders) ကို ဖြန့်ဝေပေးရန် | | ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး | |